# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၈) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (25-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၄၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး)ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၂၃ ရက်နှင့် ယနေ့တို့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စစ်တက္ကသိုလ် နဝဒေးခန်းမ၌ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် ပြင်ဦးလွင်တပ်နယ်မှူးတို့က ပြင်ဦးလွင်တပ်နယ်အတွင်း လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ **စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ

၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၅ ရက်

အယ်ဒီတာ့အာဘော်

# ရေဘေးသင့်ကျောင်းသားများ ကျောင်းတက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

ယခုလအတွင်း ပြီးခဲ့သည့်ရက်ပိုင်းက တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ရာဂိ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်တို့၏အရှိန်ကြောင့် နိုင်ငံတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပွားခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှု၏သက်ရောက်မှုကြောင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တချို့တွင် ရေဘေးသင့်မှုများဖြစ်ပွားပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပွားခဲ့သည်။ ရေဘေးသင့်ဒေသများတွင် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်း ၅၄၆ ကျောင်း ရေဝင်ပျက်စီးခဲ့ပြီး ယခုအခါ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး နိုင်ငံတော်အပိုင်းမှ ဦးစီးဦးဆောင် ဆောင်ရွက်လျက်ရှိသည်။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၊ လူမှုအဖွဲ့အစည်းတစ်ခု၏ အရေးအပါဆုံးသော ကဏ္ဍတွင် ရှိနေပါသည်။ ကျောင်းများသည် ပညာရေးကို အကောင်အထည်ဖော်သည့်နေရာဖြစ်ပြီး ကလေးများကို စာသင်ပေးရုံသက်သက်မဟုတ်၊ စာသာမက လူကိုပါ တန်ဖိုးမြင့်မားလာအောင် သင်ကြားပေးသည့်နေရာဖြစ်သည်။ မွေးကတည်းကပါရှိလာသော လူ့အရည်အသွေးများကို ဆရာ၊ ဆရာမကောင်းများက လူ့အရည်အသွေး၊ စွမ်းရည်များ ထူးချွန်ပြောင်လက်လာစေရန်၊ မိသားစုအတွက်သာမက နိုင်ငံတော်အတွက် တန်ဖိုးမြင့်လူသားတို့ဖြစ်လာစေရန် လေ့ကျင့်ပေးနိုင်သည့်နေရာသည် ကျောင်းများသာဖြစ်သည့်အတွက် ရေဘေးသင့်ဒေသများတွင် ကျောင်းများပြန်ဖွင့်သည်နှင့် မိဘများက သားသမီးများ၏ အနာဂတ်ဘဝခရီး သာယာဖွံ့ဖြိုးရေးကိုရှေးရှုကာ ကျောင်းသို့ပို့ဆောင်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားရာတွင် **"ဒီလကုန်ထိ ကျောင်းတွေဖွင့်ဖို့ ကြိုးစားနေပါတယ်၊ အကြောင်းကြောင်းကြောင့် ကျောင်းတွေပိတ်ရတယ်ဆိုရင်လည်း စနေ၊ တနင်္ဂနွေမှာ အစားထိုးပြန်တက်ဖို့၊ သီတင်းကျွတ်ပြီးသွားရင်တော့ စနေ၊ တနင်္ဂနွေဖြစ်မှာပေ့ါ၊ ဝါမကျွတ်ခင်ကတော့ တနင်္ဂနွေပိတ်ရက်ရှိတယ်၊ ဒီတနင်္ဂနွေပိတ်ရက်ကိုတော့ ကလေးတွေ ကျောင်းတက်ကောင်း တက်ရလိမ့်မယ်၊ သို့သော် စာမေးပွဲဖြေရမယ့်အချိန်မှာ သူသင်ပြီးတဲ့ ဘာသာရပ်အတိုင်းပဲ ကျွန်တော်တို့စာမေးပွဲစစ်ပေးပါမယ်၊ ကျန်တဲ့အချိန်တွေမှာတော့ ကျောင်းတော့ပြန်တက်ရလိမ့်မယ်လို့ သဘာဝဘေးအန္တရာယ်ကြောင့် ပိတ်ထားရတဲ့ကျောင်းတွေကို ဒီလိုစီစဉ်ထားပါတယ်၊ ဒါကြောင့် ခင်ဗျားတို့ကျောင်းတွေလည်း ကလေးတွေပြန်လွှတ်ပေးဖို့ ပြောလိုပါတယ်၊ ပြန်လွှတ်ပေးပါ၊ စာတတ်လို့ရှိရင်၊ ပညာတတ်လို့ရှိရင် နောင်တစ်ချိန်အတွက်၊ သူတို့ဘဝအတွက် အများကြီးအထောက်အကူရတယ်၊ မဟုတ်ဘူးဆိုရင်တော့ တစ်ချိန်မှာအခက်အခဲဖြစ်လာနိုင်တယ်၊ ခင်ဗျားတို့ ကျွန်တော်တို့ လူကြီးတွေကတော့ ပညာသင်ကြားလို့မရတော့ဘူး၊ ခင်ဗျားတို့ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့လမ်းကြောင်းအတိုင်းပဲ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ရှိတယ်၊ နောင်ကျလို့ရှိရင် ကျွန်တော်တို့ကလေးတွေက ကျွန်တော်တို့ထက်သာအောင်လုပ်ပေးရမယ်၊ ကျွန်တော်တို့ခေတ်ထက်သာအောင် လုပ်ပေးရမယ်၊ ဒါတကယ် မိဘပီသပါတယ်"** ဟု သားသမီးတို့ အပေါ် ချစ်ပုံချစ်နည်းမှန်ကန်စေရန်ရည်သန်၍ ပြောကြားခဲ့သည်ကို တွေ့ရသည်။

မိမိတို့၏ ရင်သွေးရတနာများကို မွေးရာပါလူ့အရည်အသွေးများထက်မြက်စေပြီး လူ့တန်ဖိုးများ မြင့်တက်လာကာ ငြိမ်းချမ်းမှုကို မြတ်နိုးတည်ဆောက်မည့် ပညာပြည့်ဝ နှလုံးလှသူများဖြစ်လာစေရန် စုစုဝေးဝေး လေ့ကျင့်သင်ကြားပေးသည့်နေရာသည် ကျောင်းမှတစ်ပါး အခြားနေရာမရှိပါ။ ထို့ကြောင့် ရေဘေးသင့်ဒေသများ၌ ပြန်လည်ဖွင့်လှစ်မည့် အခြေခံပညာကျောင်းများတွင် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မိဘ၊ ဆရာအပေါင်းက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်အတွင်း တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး ဈေးကွက်အတွင်း တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခင်က မန္တလေးဈေးကွက်အတွင်း တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သည်များက ဝယ်ယူမှုနည်းသဖြင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များကဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံဘက်ကလည်း ကြက်သွန်နီကို ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ ဆိပ်ဖြူနဲ့မြင်းခြံဘက်ကထွက်တဲ့ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်ပြန်ကောင်းလာတယ်။ အခုလတ်တလော မန္တလေးဈေးကွက်ထဲမှာ တောင်သာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေကတော့ အရောင်းအဝယ်တော်တော်လေးကောင်းမွန်နေပါတယ်"ဟု အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ တောင်သာဘက်မှထွက်ရှိသည့်ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ခန့်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလတ်တလောကတော့ တောင်သာဘက်ကနေထွက်ရှိတဲ့ ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတယ်။ ပြည်ပနိုင်ငံတွေက ကြက်သွန်နီအဝယ်များရင်တော့ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်က ဒီထက်ပိုပြီးကောင်းမွန်လာဖို့ရှိပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ရွှေဘိုခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၄၄၆၀ စိုက်ပျိုးသွားမည်

**ရွှေဘို စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၄၄၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ထောပတ်ပဲ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၄၄ ဧက၊ ခင်ဦးမြို့နယ်တွင် ၆၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၂၂၆၀၊ ကျောက်မြောင်း မြို့နယ်ခွဲတွင် ၁၀၁၅ ဧက စုစုပေါင်း ဧက ၄၄၆၀ ဖြစ်ကြောင်း၊ ထောပတ်ပဲ စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုခရိုင်အတွင်း ထောပတ်ပဲ ဧက ၄၄၆၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားမယ်။ ထောပတ်ပဲကို ဆောင်းရာသီမှာ စိုက်ပျိုးကြတာပါ။ ထောပတ်ပဲသီးနှံစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက သီးညှပ်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရွှေသွယ်ရင်စပါး တင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရွှေသွယ်ရင်စပါး တင်းရေ ၈၀၀၀၀ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီထွန်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရွှေသွယ်ရင်စပါး တင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ရွှေသွယ်ရင်စပါး တင်းရေ ၈၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ဩဂုတ်လအတွင်း ရွှေသွယ်ရင်စပါးတွေကို ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့ရတယ်။ ရွှေသွယ်ရင်စပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ရွှေသွယ်ရင်စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ရေလမ်းအဆင်ပြေသလိုပဲ တင်ပို့ရောင်းချနေပါတယ်''ဟု ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီထွန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင်စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့၊ ဇေယျာတိုးချဲ့ရပ်ကွက် (၃)လမ်းနေ၊ ဦးကျော်သန်း-ဒေါ်နွဲ့မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ သီလရှင်ဆောင်ကြီးကြပ်ရေးနှင့် အမျိုးသမီးဆပ်ကော်မတီအဖွဲ့ဝင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သင်းသင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၈၅၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၈၅၆၇ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၂၃၁၅၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၅၆၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဝါ ၂၃၁၅၇ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၈၅၆၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါများစိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့ တောင်သူတွေကို ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် ဝါစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ ဝါသီးနှံဖြစ်ထွန်း အောင်မြင်စေရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်တို့ကို စသည့် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် သုံးသိန်းခွဲရှိပြီး ဝါတစ်ဧကလျှင် ပိဿာ ၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဝါသီးနှံစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် ကြက်သွန်နီဖြင့် သီးကြိုစိုက်ပျိုးခြင်းနှင့်ပဲစင်းငုံဖြင့် သီးညှပ်စိုက်ပျိုးနိုင်သည့်အတွက် သီးနှံတစ်မျိုးမျိုးရရှိမည်ဖြစ်ပြီး ဝင်ငွေတိုးပွားလာစေမည်ဖြစ်သည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာစိုက်ပျိုးထုတ် လုပ်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုဘူတာကျေးရွာအုပ်စု ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊စည်းကမ်းများကို ရှင်းလင်းပြောကြားကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဆည်ကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာ လုပ်ငန်းအဖွဲ့များက တတိယအကြိမ်အဖြစ် ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများလိုအပ်သည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ဆည်ကြီးကျေးရွာတွင် အသင်းသား၊ အသင်းသူ ၆၈ ဦးကို ငွေကျပ်သန်း ၂၁ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားကဏန်း ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကျားကဏန်းပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ကျားကဏန်းပိဿာချိန် ၄၅၀၀၀ ထိ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်ထိ ကျားကဏန်းပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

''ဒေသထွက် ရေထွက်ကုန်ကိုတွေကို ရန်ကုန်ဈေးကွက် ထဲကိုပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လအတွင်း ကျားကဏန်းပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့ အလေးချိန်အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုများပြားနေပါတယ်''ဟုဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှတင်ပို့ရောင်းချခဲ့သည့် ကျားကဏန်း အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀၊ အလတ် တစ်ပိဿာလျှင်ငွေကျပ် ၁၈၅၀၀၊ အကြီးတစ်ပိဿာလျှင် ၂၂၀၀၀ မှ ၂၅၅၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါကျားကဏန်းများ အရောင်းအဝယ် ကောင်းမွန်နေခြင်းကြောင့် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်လုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဗိသုကာဟန်ထူးခြားသည့် ရမည်းသင်းကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

မန္တလေးအရှေ့ပြင် အောင်မြေသာစံမြို့နယ် မဟာဝိသုဒ္ဓါရာမတိုက်ဝင်းအတွင်းရှိ ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်း သုံးကျောင်းအနက် ကြေးမြင်ကျောင်းသည် အကြီးဆုံးဖြစ်သည်။ သို့သော် လက်ရာဟန် အထူးခြားဆုံးကျောင်းသည် ရမည်းသင်းကျောင်းဖြစ်သည်။

ရမည်းသင်းကျောင်းကို ရမည်းသင်းမိဖုရားက တည်ဆောက်ခဲ့သည်ဟုဆိုကြသော်လည်း မည်သည့်ခုနှစ်တွင်တည်ဆောက်ပြီး မည်သည့်ဆရာတော်အား လှူဒါန်းခဲ့ကြောင်း ခိုင်မာသောအထောက်အထား မှတ်တမ်းကို မတွေ့ရသေးပါချေ။

ရမည်းသင်းကျောင်းကို ရမည်းသင်းမိဖုရားက တည်ဆောက်ခဲ့သည်ဟု ရေးသား၊ ပြောဆိုမှုများ ရှိခဲ့သည်။ သို့သော် ရမည်းသင်းမိဖုရားသည် မင်းတုန်းမင်းနှင့် အလယ်နန်းမိဖုရားဆင်ဖြူမရှင်တို့၏ အငယ်ဆုံးသမီးတော်ဖြစ်၍ အရွယ်ရောက်ချိန်တွင် သီပေါမင်း၏မိဖုရားဖြစ်ခဲ့သည်။ ရမည်းသင်းမိဖုရားသည် သီပေါမင်းနှင့်စုံဖက်ပြီး လေးနှစ်အကြာတွင် သီပေါမင်းနှင့်အတူ အိန္ဒိယနိုင်ငံသို့ ပါတော်မူခဲ့သည်။

**ရမည်းသင်းစုဖုရား**

ရမည်းသင်းမိဖုရားလျှောင်းလျာ မင်းသမီးကို မင်းတုန်းမင်း၏ အလယ်နန်းစံမိဖုရားဆင်ဖြူမရှင်က သက္ကရာဇ်၁၂၂၅ ခုနှစ်(၁၈၆၃ ခုနှစ်)တွင် ရတနာပုံနန်းတွင်း၌ဖွားမြင်ခဲ့သည်။ မင်းတုန်းမင်းနှင့် ဆင်ဖြူမရှင်မိဖုရားသည် သမီးတော်လေးပါးနှင့် သားတော်နှစ်ပါးထွန်းကားခဲ့ရာ ရမည်းသင်းစားစုဖုရားက အငယ်ဆုံးဖြစ်သည်။

ဆင်ဖြူမရှင်မိဖုရား၏ ဘွဲ့အမည်သည် သီရိပဝရတိလောကမဟာရာဇိန္ဒာဓိပတိ ပဒုမရတနာဒေဝီဖြစ်၍ သမီးတော်များသည် သီရိသုရတနာမင်္ဂလာဒေဝီဘွဲ့ခံ မိုင်းနောင်မြို့စား စုဖုရားကြီး၊ ငယ်စဉ်က ကွယ်လွန်ခဲ့သည့် သမီးတော် တစ်ပါး၊ သီရိသုပဘာရတနာဒေဝီဘွဲ့ခံ မြောင်မြို့စားစုဖုရားလတ်နှင့် သီရိသုသိင်္ဂါရတနာဒေဝီဘွဲ့ခံ ရမည်းသင်းမြို့စား စုဖုရားလေးတို့ဖြစ်သည်။ သားတော်နှစ်ပါးမှာ ရန်အောင်မြင်မြို့စားနှင့် ဗန့်ကျီတိုက်စားဖြစ်သည်။

သမီးတော်သုံးပါးစလုံးသည် သီပေါမင်း၏ မိဖုရားများဖြစ်ခဲ့ကြသော်လည်း မိဖုရားခေါင် စုဖုရားလတ်၏ အာဏာစက်အောက်တွင်သာ နေခဲ့ကြရသည်။

ခမည်းတော် မင်းတုန်းမင်းသည် သက္ကရာဇ် ၁၂၂၅ ခုနှစ် နယုန်လဆန်း ၁၅ ရက်တွင် အငယ်ဆုံး သမီးတော်ကို ပုခက်တော်တင်၍ သီရိသုသိင်္ဂါရတနာဒေဝီဘွဲ့ကိုပေးကာ မိတ္ထီလာမြို့ကိုလက်ဖွဲ့ပြီး ရမည်းသင်းမြို့ကို စားစေခဲ့သဖြင့် ရမည်းသင်း စုဖုရားဟု အမည်တွင်ခဲ့သည်။

မြန်မာတို့၏ တော်ဝင်နန်းဓလေ့တွင် သားတော်၊ သမီးတော်၊ မြေးတော်များကို ခမည်းတော်နှင့် မယ်တော်တို့၏ မြင့်မြတ်သောဂုဏ်ကိုလိုက်၍ တင်တင်၊ ထိပ်တင်၊ ထိပ်ခေါင်တင်၊ စုဖုရား၊ ထိပ်စုဖုရား၊ အရှင်ထိပ်စုမြတ်ဖုရား စသည်ဖြင့် သုံးစွဲခေါ်ဝေါ်ပြောဆိုကြသဖြင့် မင်းတုန်းမင်းနှင့် ဆင်ဖြူမရှင်မိဖုရားတို့၏ သမီးတော်များကို စုဖုရားဟု ခေါ်ဆိုခဲ့ကြရသည်။ ထို့ကြောင့် သမီးတော်သုံးပါးသည် ကြီးစဉ်ငယ်လိုက် စုဖုရားကြီး၊ စုဖုရားလတ်နှင့် စုဖုရားလေးဟု ထင်ရှားခဲ့ကြသည်။

စုဖုရားလေး အသက် ၁၅ နှစ်အရွယ် ၁၈၇၈ ခုနှစ်တွင် မင်းတုန်းမင်းနတ်ရွာစံခဲ့ပြီး သီပေါမင်းသားသည် စုဖုရားလေး၏ အစ်မတော်နှစ်ပါးဖြစ်သည့် စုဖုရားကြီးနှင့် စုဖုရားလတ်ကို မိဖုရားမြှောက်ကာ နန်းတက်ခဲ့သည်။

စုဖုရားလေး အသက် ၁၈ နှစ်တွင် မယ်တော် ဆင်ဖြူမရှင်သည် သီပေါမင်းနှင့် စုဖုရားလတ်ကို နန်းချပြီး မင်းသားကြီးတစ်ပါးကို သမီးတော် စုဖုရားလေးနှင့် လက်ဆက်ပေးပြီး နန်းတင်ရန် ကင်းဝန်မင်းကြီးနှင့် ပူးပေါင်းကြံစည်ခဲ့သည်ဟု ဆိုသည်။ မယ်တော်၏အကြံကို ရိပ်စားမိခဲ့သည့် စုဖုရားလတ်သည် မယ်တော်၏အကြံအစည်ပျက်စေရန်နှင့် ဒိုင်းခင်ခင်အရေးကြောင့်သီပေါမင်း ခြေမရှုပ်စေရန် ညီမတော် စုဖုရားလေးကို သီပေါမင်းထံအစား ဝင်ကာ ပြုစုစေခဲ့ရာမှ စုဖုရားလေးသည် သီပေါမင်း၏ မိဖုရားဖြစ်သွားခဲ့သည်။



ဗိသုကာဟန်ထူးခြားသည့် ရမည်းသင်းကျောင်းကို တွေ့ရစဉ်။

ရမည်းသင်းမိဖုရားတစ်ဖြစ်လဲ စုဖုရားလေးသည် သီပေါမင်း၏ အသိမ်းပိုက်ခံ မိဖုရားငယ်တစ်ပါးသာ ဖြစ်ခဲ့ရပြီး မြောက်နန်းစံမိဖုရားမဖြစ်ခဲ့ရုံသာမက မိဖုရားဖြစ်ပြီးလေးနှစ်အကြာ ၁၈၈၅ ခုနှစ်တွင် သီပေါမင်းနှင့်အတူ ပါတော်မူခဲ့သည်။

မြန်မာ့ဘုရင်သီပေါမင်းကိုနန်းချကာ နိုင်ငံကို သိမ်းပိုက်ခဲ့သည့် အင်္ဂလိပ်အစိုးရသည် စုဖုရားလေး အပါအဝင် ပါတော်မူတော်ဝင်မိသားစုကို အိန္ဒိယနိုင်ငံ မဒရပ်မြို့၌ လေးလနေစေခဲ့ပြီးနောက် ရတနာဂီရိသို့ ပြောင်းရွှေ့နေထိုင်စေခဲ့သည်။ အင်္ဂလိပ်တို့သည် နန်းကျဘုရင်သီပေါမင်းနေထိုင်ရန် စံအိမ်တော် အသစ်ကို ၁၉၀၆ ခုနှစ်တွင် တည်ဆောက်ခဲ့ရာ ၁၉၁၀ ပြည့်နှစ်တွင် ဆောက်လုပ်မှုပြီးစီးသဖြင့် ပါတော်မူ တော်ဝင်မိသားစုသည် စံအိမ်အသစ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။

စံအိမ်သစ်သို့ပြောင်းရွှေ့ပြီး နှစ်နှစ်အကြာ ၁၉၁၂ ခုနှစ်တွင် ရမည်းသင်းမိဖုရား စုဖုရားလေးသည် ရတနာဂီရိစံအိမ်၌ကံကုန်ခဲ့ရသည်။ အစ်မတော် စုဖုရားလတ်က နှမတော်၏ရုပ်အလောင်းကို တစ်ချိန်ချိန်တွင် မြန်မာနိုင်ငံသို့ ပြန်လည်သယ်ယူရန် ဆန္ဒရှိခဲ့သည်။ ထို့ကြောင့်စုဖုရားလေး၏အလောင်းကို သံဖြူအခေါင်းတွင် မီးသွေးများ၊ ပရုတ်များဖြင့် အတူထည့်ပြီး ထိုသံဖြူအခေါင်းကို သစ်သားအခေါင်းတွင် ထည့်၍ စံအိမ်တော်အောက်ထပ်တွင်ထားရှိခဲ့သည်။

သို့သော် ရမည်းသင်းမိဖုရား စုဖုရားလေး၏ ရုပ်အလောင်းသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခွင့်မရခဲ့ဘဲ ရတနာဂီရိ၌ပင် ဂူသွင်းမြှုပ်နှံခဲ့ရပေသည်။

**ရမည်းသင်းကျောင်း**

ကျောင်းအဝင်လှေကားဦးတွင် ရမည်းသင်းကျောင်းဟု ကမ္ပည်းရေးထားသည့် သစ်သားဘုန်းကြီးကျောင်း၏နောက်ခံသမိုင်းသည် ခိုင်မာမှုနည်းပါးခဲ့သော်လည်း ဆင်ဖြူမရှင်မိဖုရားသည် ရွှေမြို့တော်အရှေ့ပြင်၊ မဟာဝိသုဒ္ဓါရာမတိုက်အတွင်း၌ သုံးထပ်စမြင်ခံကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ကြောင်း မှတ်တမ်းရှိခဲ့သည်။

ထို့အတူ ပုဂံ၊ မိုင်းနောင် နှစ်မြို့စား စုဖုရားကြီးသည် ရွှေမြို့တော်အရှေ့ပြင်ရှိ ဝိစိတ္တာရာမမာရ်အောင်တိုက်တွင် ကျောင်းဦးပြာသာဒ်၊ ဘောဂ၊ စနဆောင်တို့နှင့်တကွ ဘုံငါးဆင့်စမြင်ခံကျောင်းတော်ကြီးကိုဆောက်လုပ်၍ ဝိစိတ္တာရာမဆရာတော်ရှင်တိလောကကိုတင်လှူခဲ့သည်။

မြောင်မြို့စားစုဖုရားလတ်ကလည်း သက္ကရာဇ် ၁၂၄၆ ခုနှစ်တွင် ရတနာပုံ ရွှေမြို့တော်အနောက်ပြင်၊ ရတနာဘူမိအရပ်ရှိ မဏိရတနာရာမတိုက်အတွင်း၌ မဟာရတနာဘုံစံကျောင်းကို တည်ဆောက်ပြီး မြောင်ဆရာတော်အား တင်လှူခဲ့သည်။

မိုင်းနောင်မြို့စားမိဖုရားနှင့် မြောင်မြို့စား မိဖုရားတို့၏အလှူဖြစ်သည့် ကျောင်းတော်များသည် မှတ်တမ်းထင်ရှားစွာရှိခဲ့သော်လည်း ညီမတော် ရမည်းသင်းမြို့စားမိဖုရား စုဖုရားလေး၏အလှူတော်များသည် ထင်ရှားခဲ့ခြင်းမရှိချေ။

ရမည်းသင်းကျောင်း၏ ထူးခြားသောဗိသုကာဟန်သည် အဝေးမှကြည့်လျှင် ကောင်းကင်သို့ပြာသာဒ်အဆင့်ဆင့် ပျံတက်တော့မည့်နယ် ဘုံအဆင့်ဆင့်ကို လှပတင့်တယ်စွာမြင်ရခြင်းပင်ဖြစ်သည်။ ရမည်းသင်းကျောင်းတွင် အမရပူရနန်းဆောင် အစိတ်အပိုင်းတချို့ကို လေ့လာနိုင်ခြင်းသည်လည်း ထူးခြားမှုတစ်ခုဖြစ်သည်။ ရမည်းသင်းကျောင်း၏ အခြားထူးခြားချက်တစ်ခုမှာ ကျောင်းတစ်ခုလုံးကို သစ်သားဖြင့်သာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သံကို အသုံးမပြုခဲ့ချေ။

မင်းတုန်းမင်းသည် အမရပူရမှ ရတနာပုံသို့ ပြောင်းရွှေ့နန်းစံခဲ့ချိန်တွင် အမရပူရမှ ဘုန်းကြီးကျောင်းအဆောက်အအုံတချို့ကို ရတနာပုံမြို့သစ်သို့ ပြောင်းရွှေ့တည်ဆောက်ခဲ့သကဲ့သို့ အမရပူရနန်းဆောင်အစိတ်အပိုင်းများကိုလည်း ရတနာပုံနန်းသစ်တွင် ပြန်လည်အသုံးပြုခဲ့သည်ဟုဆိုသည်။ ရတနာပုံမြို့သစ်ကိုတည်သည့် သက္ကရာဇ် ၁၂၂၀ ခုနှစ်တွင် ရမည်းသင်းစုဖုရားကို မဖွားမြင်ရသေးသဖြင့် စုဖုရားလေး သို့မဟုတ် ရမည်းသင်းမိဖုရား တည်ဆောက်ခဲ့သည်ဟူသည့်အဆိုသည် အထောက်အထားခိုင်မာမှု အားနည်းနေဆဲဖြစ်ပေသည်။

ရမည်းသင်းကျောင်းအဆောက်အအုံ၏ နံရံများနှင့် တံခါးရွက်များအပါအဝင် အစိတ်အပိုင်းများအားလုံးနီးပါးသည် မှန်စီရွှေချလက်ရာများဖြင့် လှပခံ့ညားလျက်ရှိသည်။

ရမည်းသင်းကျောင်းသည် မြန်မာသစ်သားဘုန်းကြီးကျောင်းများကိုတည်ဆောက်သည့်ဟန်အတိုင်း ခြေတံရှည် နှစ်ထပ်အဆောက်အအုံဖြစ်သည်။ ကျောင်းအောက်ထပ်ကို သစ်သားရာဇမတ်ကွက်များဖြင့်ကာရံထားရာ ၎င်းတို့သည် မူလလက်ရာမဟုတ်ဘဲ နောက်ပိုင်းတွင်ပြုလုပ်ခဲ့ခြင်းသာဖြစ်သည်။

ရမည်းသင်းကျောင်း၏ မြေစိုက်ကျွန်းတိုင်တချို့သည် အောက်ခြေဆွေးမြည့်မှုများဖြစ်ပေါ်လာသဖြင့် အုတ်ဖိနပ်များခံထားသည်။ ကျောင်း၏ဝဲယာနှစ်ဘက်တွင် ကျောင်းပေါ်သို့တက်သည့် သစ်သားလှေကားတစ်စင်းစီရှိရာ လှေကားများပေါ်တွင် အမိုးခုနစ်ဆင့်တင်ထားသဖြင့် အဝေးမှပင် ထူးခြားသည့်ဗိသုကာဟန်ကို လှပစွာမြင်ကြရပေသည်။

ကျောင်းအပြင်ဘက်ပတ်လည်တွင် ပန်းပုရုပ်များမရှိသော်လည်း လှေကားနှစ်စင်းအကြားရှိ ပင်မဆောင်အလယ်၊ အထက်ပိုင်းတွင် လက်ရာအလှန်မြောက်သည့် ကဒေါင်းရုပ်တစ်ခုကိုတပ်ဆင်ထားသည်။ ကျောင်းအပေါ်ထပ် အနောက်ဘက်ပိုင်းတွင် မှန်စီရွှေချတံခါးဖြင့် ကာရံထားသည့်အခန်းတစ်ခန်းရှိသည်။ ထိုအခန်းတွင် ရဟန်းသံဃာများသီတင်းသုံးနေထိုင်ခြင်းမရှိသည့်အပြင် တစ်စုံတစ်ရာအသုံးပြုခြင်းလည်း မရှိဘဲ တံခါးကိုပိတ်ထားသည်။ ရမည်းသင်းကျောင်းအနီးရှိ မိုးကောင်းကျောင်းတွင်လည်း မှန်စီရွှေချတံခါးတပ်ဆင်ထားသည့် အခန်းတစ်ခန်းရှိ၍ ထိုအခန်းတွင် ရဟန်းသံဃာများ သီတင်းသုံးလျက်ရှိသည်။

ကျောင်း၏မှန်စီရွှေချလက်ရာများကို အနှစ်ပြုလုပ်ခဲ့သော်လည်း ယခုအချိန်တွင် အရောင်များကမှေးမှိန်နေပြီဖြစ်သည်။ မှန်စီရွှေချလက်ရာများအကြားတွင်တပ်ဆင်ထားသည့် မှန်ချပ်တချို့နေရာတွင် မှန်များမရှိတော့ဘဲ ကွက်လပ်များဖြစ်နေသည်။

၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေအရ နှစ် ပေါင်း ၁၀၀ သက်တမ်းရှိသည့် အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံဟုအဓိပ္ပာယ်ဖွင့်ဆိုကာ စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ် အပါအဝင် သာသနိကအဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ထားသည်။

ရမည်းသင်းကျောင်းအပါအဝင် ရှေးဟောင်းအဆောက်အအုံများသည် မြန်မာနိုင်ငံ၏သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ထင်ရှားခဲ့ကာ နိုင်ငံတော်နှင့်သက်ဆိုင်သူများ၏ ထိန်းသိမ်းစောင့်ရှောက်မှုများကြောင့် ယနေ့တိုင်ဂုဏ်ယူဖွယ်ကျန်ရှိနေပေသည်။

**ကိုးကား**


- ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)
- ရတနာဂီရိနိဒါန်းနဲ့နိဂုံး (မောင်သန်းဆွေ၊ ထားဝယ်)
- ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေ(၂၀၁၅)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၅၃၁ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၅၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၄၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၃၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၄၈၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၅၃၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး စတဲ့ သီးနှံတွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၂၅၉ ဧက၊ ဆွမ္မရာမြို့တွင် ၁၀ ဧက၊ လဟယ်မြို့နယ်တွင် ၁၅၁၃ ဧက၊ ထန်ပါခွေမြို့တွင် ၄၃၇ ဧက၊ နန်းယွန်းမြို့နယ်တွင် ၅၀၆ ဧက၊ ဒုံဟီးမြို့တွင် ၄၂၄ ဧကနှင့် ပန်ဆောင်မြို့တွင် ၃၈၂ ဧက စုစုပေါင်း ၃၅၃၁ ဧကတို့ဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၂၅၇ ဧက၊ ဆွမ္မရာမြို့တွင် ၂၅ ဧက၊ လဟယ်မြို့နယ်တွင် ၁၄၆၃ ဧက၊ ထန်ပါခွေမြို့တွင် ၃၇၅ ဧက၊ နန်းယွန်းမြို့နယ်တွင် ၅၂၅ ဧက၊ ဒုံဟီးမြို့တွင် ၄၄၂ ဧကနှင့် ပန်ဆောင်မြို့တွင် ၃၉၅ ဧက စုစုပေါင်း ၃၄၈၂ ဧကတို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)

## နတ်တလင်းမြို့နယ် ကန်သာယာကျေးရွာ၌ ဆပ်ပြာရည်ထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်

**နတ်တလင်း စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသာယာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာရည်ထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ကြောင်း၊ အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာရည်ထုတ်လုပ်နည်းသင်တန်းကို နတ်တလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာမက စာတွေ့၊ လက်တွေ့ဖြင့် စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်ထိ ငါးရက်ကြာ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

## ရိုးရာကိုချစ် မျိုးဆက်သစ် မောင်မယ်များသို့

\- ဇာတိဂုဏ် မျိုးဂုဏ်မြှင့်
စောင့်သင့်တဲ့ ကိုယ့်ရိုးရာ၊
ယဉ်ကျေးမှု အလေးထား
အမျိုးသားလက္ခဏာ၊
မပျောက်ပျက် ထိန်းသိမ်းကာ
စောင့်ရှောက်ပါ စဉ်ထာဝရ၊
တိုင်းရင်းသား သုခုမ
ထိန်းသိမ်းပါ မကျန်ရ
ဖော်ထုတ်ကာ မြှင့်တင်ကြ
လက်တွဲတူတကွ။

\- မျိုးဆက်သစ် ရင်သွေးများ
လိုလိုလား ကိုယ့်ရိုးရာ
ထွန်းကားစေရာ၊
အမျိုးသားရေးစိတ်ခိုင်မာ
စိမ့်ဝင်ကာပြန့်ပွား၊
ကိုယ့်နိုင်ငံ တစ်နံတစ်လျား
တည်ငြိမ်ကာ ခံ့ခံ့ညား
ငြိမ်းချမ်းစွာ စည်စည်ကား
ဖွံ့ဖြိုးမှု အနှံ့အပြား
အမျိုးသားရေးတာဝန်များ
ပါဝင်ကာ တစ်တပ်တစ်အား
ကြိုးစားစို့လား။ ။

**ကျော်စောဟန်**

(ငွေရတု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုလျက်)

# နိုင်ငံတကာ သတင်းများ

# ရုရှားနှင့် တရုတ်စစ်သင်္ဘောများ အိုခေါ့ခ်ပင်လယ်အတွင်း ဝင်ရောက်

**မော်စကို စက်တင်ဘာ ၂၄**

ရုရှားရေတပ် ပစိဖိတ်ရေတပ် အုပ်စုမှစစ်သင်္ဘောများနှင့် တရုတ်ရေတပ်စစ်သင်္ဘောများသည် ပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မှုများအတွက် အနောက်ပစိဖိတ်ဒေသ အိုခေါ့ခ်ပင်လယ်ရေပြင်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



အိုခေါ့ခ်ပင်လယ်ဒေသ၌ ရုရှားရေတပ်နှင့် တရုတ်စစ်သင်္ဘောများအနေဖြင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအမျိုးမျိုးကို ပြုလုပ်ခဲ့ကြသည်။

ပေတူ-၂၀၂၄ အမည်ရှိ ရုရှားနှင့်တရုတ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စတင်နေပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၁ ရက်က ကြေညာထားသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ရုရှားပစိဖိတ်ရေတပ်ရေငုပ်သင်္ဘောချေမှုန်းရေးဖျက်သင်္ဘောနှစ်စီးအပါအဝင် ကမ်းရိုးတန်းအမြန်တိုက်ရေယာဉ်များနှင့် တရုတ်ရေတပ်မှ ဖျက်သင်္ဘောနှစ်စီး၊ ဖရီးဂိတ်စစ်သင်္ဘောတစ်စီးနှင့်ဘက်စုံထောက်ပို့ရေယာဉ်တစ်စီးတို့ပါဝင်ကြောင်း သိရသည်။

အိုခေါ့ခ်ပင်လယ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် တရုတ်နှင့်ရုရှားရေတပ်စစ်သင်္ဘောများအနေဖြင့် အမြောက်ပစ်ခတ်လေ့ကျင့်မှုများ၊လေကြောင်းရန်ကာကွယ်ရေးလေ့ကျင့်မှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အိုခေါ့ခ်ပင်လယ်သည် ရုရှားနိုင်ငံ ကမ်ချက်ကာကျွန်းဆွယ်၊ ကူရိုင်းကျွန်းစုနှင့် ဂျပန်နိုင်ငံဟော့ကိုင်းဒိုး ကျွန်းစုတို့ကြားတည်ရှိသော ရေပြင်ဒေသဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းအရှေ့ပိုင်း ဗူလီဒါမြို့ကို ရုရှားတပ်များ စတင်ရှင်းလင်း

**မော်စကို စက်တင်ဘာ ၂၄**

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ ဗူလီဒါမြို့ကို ရုရှားတပ်များက မြို့တွင်းရှင်းလင်းမှုများ စတင်နေပြီဖြစ်ကြောင်း ရုရှားပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဗူလီဒါမြို့သည် ယူကရိန်းစစ်ပွဲစတင်ခဲ့သည့် ၂၀၂၂ ခုနှစ်မှစ၍ ရုရှားတပ်များ၏ထိုးစစ်ကို ခုခံခဲ့သည့်ယူကရိန်းမြို့ဖြစ်သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များက ဗူလီဒါမြို့ကို စတင်ရှင်းလင်းနေပြီဖြစ်ကြောင်း ရုရှားတပ်မတော်ကို ထောက်ခံသည့် စစ်ရေး Blogger များကလည်း အတည်ပြုထားသည်။

ရုရှားမီဒီယာများ၏အဆိုအရ ဗူလီဒါမြို့ အရှေ့ဘက်ပိုင်း လူနေနယ်မြေများ၌ ရုရှားတပ်များက ဆက်လက် ရှင်းလင်းနေကြဆဲဖြစ်သည်။

ရုရှားအနောက်ပိုင်းခု(စ်)နယ်မြေကို ယူကရိန်းတပ်များကဝင်ရောက်တိုက်ခိုက်နေသည့်တိုင် ရုရှားတပ်များအနေဖြင့် ယခုနှစ် ဩဂုတ်လအတွင်း စစ်ရေးအရ အလျင်အမြန်အသာစီးရလာခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းတစ်နိုင်ငံလုံး၏ ၁၇ ရာခိုင်နှုန်းထိကို ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# အမေရိကန်နိုင်ငံ နျူကလီးယားစမ်းသပ်မှုမပြုလုပ်သေးသရွေ့ ရုရှားအနေဖြင့် နျူစမ်းသပ်မှုပြုလုပ်လိမ့်မည်မဟုတ်ကြောင်း ပြောကြား

**မော်စကို စက်တင်ဘာ ၂၄**

နျူကလီးယား လက်နက်စမ်းသပ်မှုများကို အမေရိကန်နိုင်ငံက ရှောင်ရှားနေသမျှ ကာလပတ်လုံး ရုရှားနိုင်ငံအနေဖြင့်လည်း နျူကလီးယားစမ်းသပ်မှု ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း ရုရှားအစိုးရတာဝန်ရှိသူများက စက်တင်ဘာ ၂၃ ရက်တွင်ပြောကြားခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်ပိုင်း ရပ်တန့်ထားသည့် နျူကလီးယားလက်နက်စမ်းသပ်မှုများအား ရုရှားနိုင်ငံက ပြန်လည်စတင်လာနိုင်သည်ဟူသော ထင်ကြေးများပေါ်ထွက်လာပြီးနောက် ရုရှားနိုင်ငံ၏ အဆိုပါတုံ့ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ရုရှားအတွင်းပိုင်း ပစ်မှတ်များကို တိုက်ခိုက်ရေးအတွက် အနောက်အုပ်စုထုတ် တာဝေးပစ်လက်နက်များ ယူကရိန်းကိုအသုံးပြုခွင့်ပေးရန် အမေရိကန်နှင့် မဟာမိတ်များက စဉ်းစားနေကြချိန်တွင် ရုရှားနိုင်ငံအနေဖြင့် နျူကလီးယားစမ်းသပ်မှုများစတင်ပြုလုပ်နိုင်ဖွယ်ရှိကြောင်း သတင်းများပေါ်ထွက်ခဲ့သည်။

သို့သော် သမ္မတပူတင်ကသာ ညွှန်ကြားခဲ့ပါက မိမိတို့အနေဖြင့် နျူကလီးယားလက်နက်စမ်းသပ်မှုပြုလုပ်နိုင်သော်လည်း အမေရိကန်နိုင်ငံက နျူကလီးယားစမ်းသပ်မှုများရှောင်ရှားနေသမျှ ကာလပတ်လုံး ရုရှားနိုင်ငံအနေဖြင့်လည်း နျူကလီးယား စမ်းသပ်မှုပြန်လည်စတင်မည်မဟုတ်ကြောင်း ရုရှားအစိုးရ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဆာဂေးယက်ကော့ဘ်က ရုရှားမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဆာဂေးယက်ကော့ဘ် သည် ရုရှားသမ္မတပူတင်၏ လက်နက်ထိန်းချုပ်ရေး ဆွေးနွေးပွဲများညှိနှိုင်းရေးမှူးဖြစ်သော်လည်း ရုရှားနိုင်ငံ၌ နျူကလီးယားလက်နက်အသုံးပြုမှု သို့မဟုတ် စမ်းသပ်မှုများအတွက် အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ပေးရမည့်သူမှာ ရုရှားသမ္မတ ပူတင်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ထိုင်းနိုင်ငံ၌ ယခုနှစ်ဩဂုတ်လအတွင်း မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်း ကျဆင်း

**ဗန်ကောက် စက်တင်ဘာ ၂၄**

ဒေသတွင်း မော်တော်ယာဉ်ထုတ်လုပ်မှု ဗဟိုချက်ဖြစ်သည့် ထိုင်းနိုင်ငံ၏ ယခုနှစ်ဩဂုတ်လ မော်တော်ယာဉ် ထုတ်လုပ်မှုနှုန်းမှာ ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၀ ဒသမ ၅၆ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းများအဖွဲ့ချုပ်က ယနေ့ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

ချေးငွေရယူမှု စည်းမျဉ်းများတင်းကြပ်လာချိန်တွင် ပြည်တွင်းရောင်းအားကျဆင်းလာမှုကြောင့် ယခုနှစ် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်းကျဆင်းခဲ့ရခြင်းဖြစ်သည်။

ယခုနှစ် ဩဂုတ်လအတွင်း ထိုင်းပြည်တွင်း မော်တော်ယာဉ်ရောင်းအားမှာ ယမန်နှစ် ဩဂုတ်လကထက် ၂၄ ဒသမ ၉၈ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းများ အသင်းချုပ်က တွက်ချက်ထားသည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၏ အကြီးမားဆုံးမော်တော်ယာဉ်ထုတ်လုပ်မှု ဗဟိုချက်နိုင်ငံဖြစ်ပြီး တိုမိုတာနှင့် ဟွန်ဒါ အပါအဝင် ကမ္ဘာ့ထိပ်တန်းမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီအချို့၏ ပို့ကုန်အခြေခံစခန်းလည်းဖြစ်သည်။


အလားတူ ပြီးခဲ့သည့်နှစ်များအတွင်း ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံအခြေစိုက် လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်မှု ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွဲဆောင်နိုင်ခဲ့သည်။

ထိုင်းအခြေစိုက် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများက ထုတ်လုပ်သည့်မော်တော်ယာဉ်များအနက် ထက်ဝက်ခန့်ကို ထိုင်း ပြည်တွင်းဈေးကွက်မှာပင် ရောင်းချခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ၂၀၂၃ ခုနှစ်၌ စင်ကာပူနိုင်ငံသားများလက်ထပ်မှုနှုန်း ၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်း



**စင်ကာပူ စက်တင်ဘာ ၂၄**

၂၀၂၃ ခုနှစ်အတွင်း စင်ကာပူနိုင်ငံသားများ လက်ထပ်ထိမ်းမြားမှုနှင့် ရင်သွေးမွေးဖွားမှုနှုန်းများကျဆင်းခဲ့ကြောင်း စင်ကာပူအစိုးရက ယနေ့တွင် ထုတ်ပြန်ထားသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် စင်ကာပူနိုင်ငံသားများ လက်ထပ်ထိမ်းမြားမှု အရေအတွက် ၂၄၃၅၅ခုထိရှိခဲ့ရာ ယမန်နှစ်ကထက် ၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းသွားကြောင်း အဆိုပါအစီရင်ခံစာ၏ အဆိုအရ သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၂ ခုနှစ်အတွင်း စင်ကာပူနိုင်ငံသားများ လက်ထပ်ထိမ်းမြားမှုပေါင်းမှာ ၂၄၇၆၇မှုထိ ရှိခဲ့သည်။

ထို့နည်းတူ ၂၀၂၃ ခုနှစ်အတွင်း လက်ထပ်ထိမ်းမြားခဲ့သူ စင်ကာပူနိုင်ငံသား သတို့သား၊ သတို့သမီးများ၏ ပျမ်းမျှအသက်မှာလည်း ပိုကြီးလာကြောင်း စင်ကာပူအစိုးရအစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း လက်ထပ်ထိမ်းမြားခဲ့ကြသည့် စုံတွဲများအနက် သတို့သားများ၏ ပျမ်းမျှအသက်မှာ ၃၀ ဒသမ ၇ နှစ်ထိရှိလာပြီး သတို့သမီးများ၏ပျမ်းမျှအသက်မှာ ၂၉ နှစ်ထိရှိလာကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် စင်ကာပူနိုင်ငံသားများ၏ ၂၀၂၃ ခုနှစ် ရင်သွေးမွေးဖွားမှုနှုန်းမှာ ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၅ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၂၈၈၇၇ဦးသာမွေးဖွားခဲ့သည်ဟု စင်ကာပူအစိုးရအစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Starship ဒုံးပျံအစိတ်အပိုင်းများကို ပင်လယ်ရေပြင်ထဲမှ ပြန်လည်ဆယ်ယူထား




**ဝါရှင်တန် စက်တင်ဘာ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Starship ဒုံးပျံအစိတ်အပိုင်းများကို ပင်လယ်ရေပြင်ထဲမှ ပြန်လည်ဆယ်ယူထားကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် ယခုနှစ် ဇွန်လအတွင်း လွှတ်တင်ခဲ့သည့် Starship ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ်အစိတ်အပိုင်းများကို ပင်လယ်ထဲမှ ပြန်လည်ဆယ်ယူခဲ့ခြင်းဖြစ်သည်။

Space-X ၏ Starship ဒုံးပျံသည် စူပါဟဲဗီး ပထမအဆင့် ပင်မဒုံးယာဉ်နှင့် Starship ထိပ်ဖူးအဆင့် ဒုံးယာဉ်တို့ပေါင်းစပ်ထားသော ဒုံးပျံဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒုံးယာဉ်အဆင့်နှစ်ဆင့်စလုံးသည် တစ်ဖန်ပြန်လည်အသုံးချနိုင်ရန် ပုံစံထုတ်တည်ဆောက်ထားသည့် ဒုံးယာဉ်အဆင့်များဖြစ်ကြသည်။

Starship ၏ ပင်မဒုံးယာဉ်ဖြစ်သည့် စူပါဟဲဗီးဒုံးယာဉ်တွင် ရက်ပ်တာ အမျိုးအစားဒုံးအင်ဂျင် ၃၃ လုံး တပ်ဆင်ထားပြီး Starship ထိပ်ဖူးဒုံးယာဉ်၌ ခြောက်လုံးတပ်ဆင်ထားကြောင်း သိရသည်။

ယခုနှစ် ဇွန်လအတွင်း ပြုလုပ်ခဲ့သော Starship စမ်းသပ်လွှတ်တင်မှုသည် အောင်မြင်မှုရရှိခဲ့ပြီး ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်ချိန်တွင် စူပါဟဲဗီးဒုံးယာဉ်မှာ မက္ကဆီကို ပင်လယ်ကွေ့ရေပြင်အတွင်း ကျရောက်ခဲ့ပြီး Starship ကမူ အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း၏ ဒေါ့စ်ကတ်စတယ်နေရာတစ်နေရာ၌ စူးစမ်းလေ့လာရေးလုပ်ငန်းများ ပြုလုပ်မည်

**ဝါရှင်တန် စက်တင်ဘာ ၂၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း၏ ဒေါ့စ်ကတ်စတယ်အမည်ရှိ နေရာတစ်နေရာ၌ စူးစမ်းလေ့လာရေးလုပ်ငန်းများ ပြုလုပ်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း အနောက်ဘက်အနားစွန်းပေါ်သို့ တက်ရောက်နေသည့် ခရီးစဉ်အတွင်း ဒေါ့စ်ကတ်စတယ်ကို လေ့လာစူးစမ်းရန် စီစဉ်ထားသည်။

ဒေါ့စ်ကတ်စတယ်နယ်မြေသည် အင်္ဂါဂြိုဟ်မျက်နှာပြင် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနေရာသို့ ဂြိုဟ်သိမ်ကျရောက်ခဲ့စဉ်က ကျောက်သားကျောက်လွှာများ အထပ်ထပ်စုပုံခဲ့သော နယ်မြေဖြစ်ကြောင်း သိရသည်။



ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ်မှစ၍ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ အင်္ဂါဂြိုဟ် ရှေးဟောင်းသက်ရှိများ၏ လက္ခဏာများကို စတင်ရှာဖွေခဲ့သော အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ယခုနှစ် ဩဂုတ်လလယ်တွင် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းအနောက်ဘက်အနားစွန်းသို့ စတင်တက်ရောက်ခဲ့ကြောင်း သိရသည်။

ပါဆီးဗရင့်စ် အာကာသယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း စူးစမ်းလေ့လာရေး မစ်ရှင်အတွင်း ကျောက်သားနမူနာအများအပြား ရယူစုဆောင်းထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဆိုယုဇ်အမ်အက်စ်-၂၅ အာကာသလူသယ်ယာဉ် ကမ္ဘာမြေပြင်ပေါ်သို့ပြန်လည်ဆင်းသက်နိုင်ခဲ့

**မော်စကို စက်တင်ဘာ ၂၄**

ရုရှားအာကာသအေဂျင်စီ၏ ဆိုယုဇ်အမ်အက်စ်-၂၅ အာကာသလူသယ်ယာဉ်သည် အမေရိကန် အာကာသယာဉ်မှူး တစ်ဦးနှင့် ရုရှားအာကာသယာဉ်မှူး နှစ်ဦးတို့နှင့်အတူ စက်တင်ဘာ ၂၃ ရက်တွင် ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်စ်-၂၅ အာကာသလူသယ်ယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာပြီးနောက် လေထီးများအကူအညီဖြင့် ကာဇက်စတန်နိုင်ငံ မြက်ခင်းဒေသ၌ ဆင်းသက်ခဲ့ကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်စ်-၂၅ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းမှခွာထွက်ခဲ့ပြီး သုံးနာရီခွဲအကြာတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဆိုယုဇ်အမ်အက်စ်-၂၅ နှင့် ပြန်လည်လိုက်ပါလာသူ အာကာသယာဉ်မှူး သုံးဦးအနက် ရုရှားအာကာသယာဉ်မှူးနှစ်ဦးမှာ နိုင်ငံတကာ အာကာသစခန်း၌ အချိန်အကြာဆုံး တစ်ဆက်တစ်စပ်တည်း နေထိုင်ခဲ့သူများအဖြစ် စံချိန်တင်ထားသူများဖြစ်ကြသည်။

ရုရှား အာကာသယာဉ်မှူး အိုလက်ဂ်ကိုနိုနင်ကိုနှင့် နီကိုလိုင်ချုဘ်တို့သည် နိုင်ငံတကာအာကာသစခန်းပေါ်၌ ၃၇၄ ရက်ထိ နေထိုင်ခဲ့သူများဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ အာကာသယာဉ်မှူး ထရေစီဒေဆွန်ကမူ နိုင်ငံတကာ အာကာသစခန်းပေါ်တွင် ခြောက်လကြာ နေထိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ကလေးများ ဆီးချိုနှင့်နှလုံးရောဂါဖြစ်နိုင်ခြေကို သွေးစစ်နည်းဖြင့် ကြိုတင်ဖော်ထုတ်နိုင်

**ကိုပင်ဟေဂင် စက်တင်ဘာ ၂၄**

ကလေးတစ်ဦးအနေဖြင့် အရွယ်ရောက်လာချိန်၌ ဆီးချိုရောဂါနှင့် နှလုံးရောဂါများဖြစ်လာနိုင်ခြေ ရှိ၊ မရှိကို ရိုးစင်းသည့်သွေးစစ်နည်း တစ်မျိုးဖြင့် ကြိုတင်ဖော်ထုတ်နိုင်ကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ သွေးစစ်နည်းကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ အခြေစိုက် စတီနိုဆီးချိုသုတေသနဌာနမှ ဆေးပညာရှင်များက ဖန်တီးထားခြင်းဖြစ်သည်။

ဒိန်းမတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆီးချိုရောဂါ၊ နှလုံးရောဂါဖြစ်နိုင်ခြေတို့ မြင့်တက်လာနိုင်မှုနှင့် ဆက်စပ်နေသော အဆီဓာတ်များသည် ကလေးဘဝမှာပင် စတင်မြင့်တက် လာတတ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ကလေးများ၏ ကိုယ်တွင်းအဆီစုစည်းမှုအပြောင်းအလဲများကို သွေးစစ်နည်းဖြင့် တိုင်းတာစစ်ဆေးခြင်းဖြင့် ၎င်းကလေးများ အရွယ်ရောက်ချိန်တွင် ဆီးချိုရောဂါနှင့်နှလုံးရောဂါများ ဖြစ်နိုင်ခြေရှိ၊မရှိကို ကြိုတင်ခန့်မှန်းနိုင်မည်ဖြစ်ကြောင်းဒိန်းမတ် သုတေသန ပညာရှင်များက ပြောကြားသည်။

သွေးအတွင်းစုစည်းလာတတ်သည့် Lipids ခေါ် အဆီဓာတ်များ အနက် လူသိများသည့် အဆီဓာတ်တစ်မျိုးမှာ နှလုံးရောဂါဖြစ်နိုင်ခြေနှင့်ဆက်စပ်နေသော ကိုလက်စထရော အဆီဓာတ်ဖြစ်သည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၁၁ နှစ်ရှိ ကလေး ၁၈၄ ဦးတို့၏သွေးအတွင်း အဆီစုစည်းမှုအဆင့်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## Vortioxetine ခေါ် စိတ်ရောဂါဆေးတစ်မျိုးက ဦးနှောက်ကင်ဆာကုသရာတွင် အကျိုးပြုနိုင်ဖွယ်ရှိ

**ဘန်း စက်တင်ဘာ ၂၄**

လူသိနည်းသော စိတ်ရောဂါဆေးတစ်မျိုးသည် ဂလီယိုဘလပ်စတိုးမားဦးနှောက်ကင်ဆာ (Glio-blastoma)ကိုကုသရာတွင်အကျိုးပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ စက်တင်ဘာ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ဆွစ်ဇာလန်သုတေသနပညာရှင်များသည် ဂလီယိုဘလပ်စတိုးမား ဦးနှောက်ကင်ဆာရောဂါအပေါ် အကျိုးသက်ရောက်မှုရှိနိုင်မည့် ဆေးဝါးအမျိုးအစား ၁၃၀ ကို လေ့လာခဲ့ကြကြောင်း သိရသည်။


လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ အထက်ပါဆေးဝါး ၁၃၀ အနက် Vortiox-etine ခေါ် စိတ်ရောဂါဆေးတစ်မျိုးမှာ ကင်ဆာဆဲလ်များကို ဖျက်ဆီးရာတွင် အထိရောက်ဆုံးဖြစ်ကြောင်း သိရသည်။

ကြွက်များတွင်ပြုလုပ်ခဲ့သော စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ Vortixetine သည် ဂလီယိုဘလပ်စတိုးမား ဦးနှောက်ကင်ဆာဆဲလ်များ ကြီးထွားမှုနှုန်းကို လျှော့ချပေးနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Vortioxetine ဆေး၏ အာနိသင်သည် ဓာတုကုထုံးနှင့် တွဲဖက်ပေးပါက ပို၍ထိရောက်မှုရှိလာကြောင်း ဆွစ်ဇာလန်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အစ္စရေး Rafael ကုမ္ပဏီက Iron Dome Mission Modules ပုံစံသစ်ကို ထုတ်ဖော်ပြသ



အစ္စရေးနိုင်ငံ Rafael Advanced Defense Systems (Rafael ကုမ္ပဏီ)သည် ယခုသီတင်းပတ်အတွင်း ဝါရှင်တန်ဒီစီတွင် ပြုလုပ်ခဲ့သည့် Land Forces 2024 ကာကွယ်ရေးပြပွဲတွင် ၎င်း၏ Iron Dome Mission Modules ပုံစံသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Defense Update သတင်းဌာနက စက်တင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မိုဘိုင်းလ်ရေဒါ အာရုံခံကိရိယာနှင့် JLTV ကဲ့သို့သော အပေါ့စားနည်းဗျူဟာမြောက်ယာဉ်များပေါ်တွင် တပ်ဆင်ထားသောဒုံးကျည် ၁၀ စင်း တပ်ဆင်ပစ်လွှတ်နိုင်သည့်(10-canister launcher)ဒုံးပစ်စင်ကိုအသုံးပြု၍ Iron Dome ၏ Mission Modules သည် အမျိုးမျိုးသောကာကွယ်ရေးပလက်ဖောင်းများတွင် ပေါင်းစည်းနိုင်သည့် ကျစ်လျစ်ပြီးလိုက်လျောညီထွေရှိသော ဖြေရှင်းချက်တစ်ခုဖြစ်သည်။ ၎င်းသည် ဒုံးပျံများ၊ ဒုံးကျည်များနှင့် ဒရုန်းများအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို လျင်မြန်စွာတုံ့ပြန်တိုက်ခိုက်နိုင်စေမည်ဖြစ်သည်။ Mission Modules ကို မြေပြင်အခြေစိုက်နှင့် ယာဉ်တင်(မိုဘိုင်းလ်)ဖွဲ့စည်းမှုပုံစံများတွင် အသုံးပြုနိုင်ပြီး မတူညီသော လုပ်ငန်းလည်ပတ်မှုလိုအပ်ချက်များအတွက် ဘက်စုံအသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Mission Modules တိုက်ခိုက်ရေးစနစ်ကို နိုင်ငံရပ်ခြားတွင် တပ်ဖြန့်ချထားသော လေတပ် သို့မဟုတ် မရိန်းတပ်သားများကို လေကြောင်းရန်မှ ကာကွယ်ရန် နည်းဗျူဟာမြောက် အလွှာလိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင် ကမ်းတက်ရေယာဉ်စုအတွက် ကွင်းစလန်းပြည်နယ်နှင့် မြောက်ပိုင်းတွင် တပ်ဖြန့်အသုံးပြုရန် စီစဉ်ထားသည်။

ထောင်ပေါင်းများစွာသော ဒုံးကျည်များကိုစစ်ဆင်ရေးတွင် အောင်မြင်စွာကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး တိုက်ပွဲဝင်သက်သေပြသနိုင်ခဲ့သော Iron Dome Mission Modules ကို မဟာမိတ်နိုင်ငံများထံ တင်ပို့ရောင်းချထားပြီး အဆင့်ပေါင်းများစွာပါဝင်သော အလွှာလိုက် လေကြောင်းရန်ကာကွယ်ရေး မဟာဗျူဟာ၏ အဓိကအစိတ်အပိုင်း တစ်ခုလည်းဖြစ်သည်။

Rafael Advanced Defence Systems က ဖန်တီးထားသည့် Iron Dome Mission Modules သည် ဒုံးကျည်များ၊ အမြောက်ကျည်များနှင့် ဒရုန်းများကဲ့သို့သော တာတိုပစ်လေကြောင်းခြိမ်းခြောက်မှုအန္တရာယ်များကိုကြားဖြတ်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည့် ရာသီဥတုမရွေး အသုံးပြုနိုင်သော လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ ၎င်းသည် ၂၀၁၁ ခုနှစ်ကတည်းက စတင်တပ်ဖြန့်အသုံးပြုနိုင်ခဲ့ခြင်းဖြစ်ပြီး ယနေ့ထိကြားဖြတ်ပစ်ချနိုင်ခဲ့မှုပေါင်း ၅၀၀၀ ကျော်ဖြင့် တိုက်ပွဲဝင်အောင်မြင်မှု ၉၀ ရာခိုင်နှုန်းကျော် ပိုင်ဆိုင်ထားသောအဆင့်မြင့်လက်နက်စနစ်တစ်ခုအဖြစ် လူသိများရေပန်းစားသည်။ ဤစနစ်၏ နောက်ဆုံးဆင့်ကဲပြောင်းလဲမှုမှာ ရေတပ်အသုံးချပရိဂရမ်များအတွက် အထူးဒီဇိုင်းထုတ်ထားသည့် C-DOME Mission Module ဖြစ်ပြီး ယခုအခါ Iron Dome Mission Modules ဟု ကျစ်လျစ်ပေါ့ပါးစွာတည်ဆောက်ထားသော ဒုံးပစ်လောင်ချာများဖြင့် ယာဉ်အမျိုးမျိုးပေါ်တွင် တပ်ဆင်တိုက်ပွဲဝင်နိုင်စေရန် ထွက်ပေါ်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။

**Rafael Breaks Cover of Iron Dome Mission Modules ကို ဘာသာပြန်ဆိုထားပါသည်။**

---

## တောင်ကိုရီးယားတပ်မတော်က ပိုလန်ထုတ် Warmate Suicide ဒရုန်းများဝယ်ယူရေး အပြီးသတ်လက်မှတ်ရေးထိုးရန် စီစဉ်နေ

တောင်ကိုရီးယားတပ်မတော်သည် ပိုလန်နိုင်ငံထုတ် Warmate Suicide ဒရုန်းများ ဝယ်ယူရေးစာချုပ်တစ်ရပ်ကို အပြီးသတ်လက်မှတ်ရေးထိုးရန် စီစဉ်နေကြောင်း ပိုလန်နိုင်ငံ သတင်းစာ Rzeczpospolita တွင် စက်တင်ဘာ ၂၀ ရက်က ရေးသားဖော်ပြခဲ့သည်။


ဤ Warmate တိုက်ခိုက်ရေးဒရုန်းများကို မောင်းသူမဲ့စနစ်များနယ်ပယ်တွင် ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် ပိုလန်နိုင်ငံWB Electronics မှ တီထွင်ထုတ်လုပ်ထားသည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂ ရက်မှ ၆ ရက်ထိ ကျင်းပမည့် Korea International Defense Industry Exhibition(KADEX 2024)တွင် အဆိုပါဝယ်ယူရေး သဘောတူညီချက်ကို အပြီးသတ်လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးပါက စာချုပ်အရ တောင်ကိုရီးယားနိုင်ငံသို့ Warmate တိုက်ခိုက်ရေးဒရုန်းအစင်း ၂၀၀ ခန့် ယခုနှစ်ကုန်အမီပို့ဆောင်ပေးသွားမည်ဖြစ်ပြီး အနာဂတ်တွင် ထပ်မံပေးပို့သွားရန် မျှော်မှန်းထားသည်။

၎င်းအချက်သည် ကာကွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံကြား တိုးမြှင့်ပူးပေါင်းဆောင်ရွက်မှုကို အချက်ပြလိုက်ခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို ခေတ်မီဒရုန်းနည်းပညာဖြင့် အဆင့်မြှင့်တင်ရန် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်တစ်ရပ်လည်းဖြစ်သည်။

ပိုလန်နိုင်ငံ WB Electronics ကုမ္ပဏီက ထုတ်လုပ်ထားသည့် Warmate တိုက်ခိုက်ရေးဒရုန်းများသည် တိုက်ခိုက်မှုများကို တိကျစွာလုပ်ဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည့် အဆင့်မြင့်မောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ်စနစ်များတစ်နည်းအားဖြင့် Loitering Munitions အသုံးပြုနိုင်မည်ဖြစ်ကာ တန်ဖိုးမြင့်၊ အရေးကြီးပစ်မှတ်များကို တိကျစွာတိုက်ခိုက်ဖျက်ဆီးခြင်းမပြုမီ လေထဲမှပျံဝဲ၍ စောင့်ကြည့် ဖော်ထုတ်နိုင်စွမ်းရှိသည်။

ပေါ့ပါးပြီး သယ်ဆောင်ရလွယ်ကူသော Warmate တိုက်ခိုက်ရေးဒရုန်းကို ခြေလျင်တပ်များ သို့မဟုတ် မော်တော်ယာဉ်များပေါ်မှ အလွယ်တကူဖြန့်ကြက်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် တိုက်ရိုက်တိုက်ခိုက်မှုစစ်ဆင်ရေးများအပါအဝင် ရည်မှန်းချက်တာဝန်အမျိုးမျိုးအတွက် အသုံးပြုနိုင်စေမည်ဖြစ်သည်။ စနစ်၏ အချိန်နှင့်တစ်ပြေးညီ ဗီဒီယိုထုတ်လွှင့်မှုသည် အော်ပရေတာများကို ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် ပစ်မှတ်များကို ခွဲခြားစိစစ်၊ဖော်ထုတ်ပြီး ထိထိရောက်ရောက် တိုက်ခိုက်ချေမှုန်းနိုင်စေမည်ဖြစ်ကြောင်း သိရသည်။



လက်မှတ်ရေးထိုးမည့် ဝယ်ယူရေးသဘောတူစာချုပ်သည် ကနဦးအစင်းရေ ၂၀၀ ထက်ကျော်လွန်၍ အနာဂတ်တွင် ရာနှင့်ချီသောဒရုန်းများကို တိုးချဲ့ဝယ်ယူသွားရန် အလားအလာရှိနေသည်။ ဤသည်မှာ ပိုလန်နှင့် တောင်ကိုရီးယားတို့ကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မြဲစေမည်ဖြစ်ပြီး နှစ်နိုင်ငံစလုံးသည် ၎င်းတို့၏လုံခြုံရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် အဆင့်မြင့်နည်းပညာဆိုင်ရာ ဖြေရှင်းချက်များအပေါ် ပိုမိုအာရုံစိုက်နေကြသောကြောင့်ဖြစ်သည်။

Warmate တိုက်ခိုက်ရေးဒရုန်းအပေါ် တောင်ကိုရီးယား၏ စိတ်ဝင်စားမှုသည် ပိုလန် ကာကွယ်ရေးနည်းပညာနှင့် ဒရုန်းစစ်ဆင်ရေးစနစ်များတွင် WB Electronics ၏ ကျွမ်းကျင်မှုနှင့် ကမ္ဘာလုံးဆိုင်ရာအသိအမှတ်ပြုမှုတို့ကို မီးမောင်းထိုးပြနေသည်။ Warmate တိုက်ခိုက်ရေးဒရုန်းများသည် တောင်ကိုရီးယားနိုင်ငံ၏မောင်းသူမဲ့ လေကြောင်းစွမ်းအားတွင် ရှုထောင့်အသစ်တစ်ခုအနေဖြင့် တိုးလာမည်ဖြစ်ပြီး ပဋိပက္ခအခြေအနေအမျိုးမျိုးတွင် တိကျ၊ ထိရောက်သော စစ်ဆင်ရေးများလုပ်ဆောင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ နှစ်နိုင်ငံစလုံးသည် KADEX 2024 ကာကွယ်ရေးပြပွဲအတွင်း ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုအသေးစိတ်နှင့် ဒရုန်းဝယ်ယူရေးအစီအစဉ်များ၊ သဘောတူညီချက်များနှင့် ပတ်သက်၍ တရားဝင်ကြေညာချက်များ ထုတ်ပြန်ဖွယ်ရှိနေကြောင်းသိရသည်။

**South Korea Armed Forces to Purchase Polish Warmate Suicide Drones ကို ဘာသာပြန် ဆိုထားပါသည်။**

**မင်းမျိုး**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ၂၁ ရာစု ရုတ်တရက်ဗိုက်အောင့်၊ ဗိုက်နာကုထုံးများ(အပိုင်း၁)

ဆေးကျောင်းမှာ ခွဲစိတ်ဆောင်လက်တွေ့ လေ့ကျင့်ခန်းစဆင်းရပြီဆို ဆေးကျောင်းသားများ အတွက် ပထမဆုံးသင်ခန်းစာက ရုတ်တရက် ဗိုက်အောင့်ဗိုက်နာခြင်း(Acute Abdomen) သင်ခန်းစာဖြစ်ပါသည်။ ရုတ်တရက် ဗိုက်အလွန်အောင့်လာသည့်လူတစ်ယောက်ကို ခွဲစိတ်ဆရာဝန်ဆီ လွှဲရမည်လား၊ ခွဲစိတ်ရန်မလိုအပ်သည့် ဆေးကုသဆောင်သို့ လွှဲပို့ရမည့်လူနာလား ခွဲခြားနိုင်ရန်အရေးကြီးပါသည်။ ဆေးရုံအရေးပေါ်ဌာနများသို့ လာရောက်ပြသကြသည့် လူနာများ၏ ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းက ရုတ်တရက် ဗိုက်အောင့်ဗိုက်နာလူနာများဖြစ်သည်။ အရေးပေါ်ခွဲစိတ်ရန်လိုအပ်သည့် ရုတ်တရက်ဗိုက်အောင့်တတ်သောရောဂါများမှာ အူအတက်ရောင်ခြင်း၊ အူပေါက်ခြင်း၊ အူပိတ်ခြင်း၊ အူအတွင်းသွေးယိုခြင်း၊ ဝမ်းဗိုက်အတွင်း သွေးကြောများပိတ်ခြင်း အစရှိသည့်ရောဂါများဖြစ်သည်။

ဆေးပညာအရ ဝမ်းဗိုက်ကို ကိုးနေရာခွဲထားသည်။ ရင်ဝနေရာ၊ ဝမ်းဗိုက်အပေါ်ပိုင်းဘေးဘယ်ညာ၊ အလယ်ပိုင်းဘေးဘယ်ညာ၊ အောက်ပိုင်းဘေးဘယ်ညာ၊ ချက်နေရာနှင့် ဆီးခုံနေရာတို့ဖြစ်သည်။ စမ်းသပ်သည့်ဆရာဝန်သည် ထိုကိုးနေရာစလုံးကို လက်ဖြင့်ကိုင်တွယ်စမ်းသပ်ပြီး ဘယ်နေရာက ဘာကြောင့်ဗိုက်နာနေရသလဲဆိုသည်ကို ချင့်ချိန်မှန်းဆရပါသည်။ ရှေးနှစ်ပေါင်းထောင်ချီကာလများကတည်းကပင် ရုတ်တရက်ဗိုက်အောင့်၊ ဗိုက်နာပြဿနာများရှိခဲ့ပြီး ယနေ့ မျက်မှောက်ကာလတိုင်အောင်လည်း ထိုပြဿနာကရှိနေဆဲဖြစ်သည်။ ပုံရိပ်ဖော်နည်းပညာများမဖွံ့ဖြိုးစဉ်က ရုတ်တရက် ဗိုက်အောင့်၊ ဗိုက်နာရောဂါကို လက်ဖြင့်သာ ကိုင်တွယ်စမ်းသပ်ပြီး မှန်းဆကုသခဲ့ကြရသည်။ မလိုအပ်ဘဲ ဗိုက်ဖွင့်လိုက်ရတာမျိုးလည်းရှိမည်။ ယနေ့အချိန်တွင်မူ ပုံရိပ်ဖော်နည်းပညာများအစွမ်းဖြင့် Acute Abdomen ပြဿနာကို ပိုမိုတိကျမှန်ကန်စွာ ကုသပေးနိုင်နေကြပါပြီ။ ယခုဆောင်းပါးတွင် ၂၁ ရာစုမျက်မှောက်ခေတ်ကာလအတွင်း Acute Abdomen ပြဿနာကို ဘယ်လိုကိုင်တွယ်၊ ရောဂါရှာဖွေ၊ ကုသနေကြပုံများ၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြည့်ပါမည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော် ၁၉၂၁ ခုနှစ်က အင်္ဂလိပ်လူမျိုးခွဲစိတ်ဆရာဝန်ကြီး ဇင်းဆင့်ကုပ်သည် ရုတ်တရက် ဗိုက်အောင့်၊ ဗိုက်နာရောဂါများ စောစီးစွာရှာဖွေဖော်ထုတ်ခြင်းအမည်ရသည့် စာအုပ်တစ်အုပ်ကို ထုတ်ဝေခဲ့သည်။ ဒေါက်တာဇင်းဆင့်ကုပ်က စာရေးဆရာ၊ သမိုင်းပညာရှင်၊ ကဗျာလည်းစပ်သည့် ဆရာဝန်ကြီးတစ်ဦးဖြစ်သည်။ ဒေါက်တာဇင်းဆင့်ကုပ်တို့ခေတ်ကာလက Acute Abdomen လူနာများကို ရောဂါဖော်ထုတ်နိုင်မှုနောက်ကျပြီး အသက်ဆုံးရှုံးမှုများခဲ့သည်။ ထို့ကြောင့် ဒေါက်တာဇင်းဆင့်ကုပ်က ရုတ်တရက်ဗိုက်အောင့်သောလူနာများ၏ ရောဂါလက္ခဏာ၊ နောက်ခံရောဂါရာဇဝင်၊ စမ်းသပ်တွေ့ရှိမှုများကို အသေးစိတ်ဖော်ထုတ်ပြီး မှန်ကန်သည့်နောက်ခံရောဂါကို ဖော်ထုတ်နိုင်ရန် စုစည်းတင်ပြခဲ့ခြင်းဖြစ်ပါသည်။ အားနည်းချက်တစ်ခုက ဒေါက်တာဇင်းဆင့်ကုပ်၏စာအုပ်ထဲတွင် ယနေ့ခေတ်စားနေသည့် တီဗီဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန်၊ သံလိုက်စက်ကွင်းဓာတ်မှန် အစရှိသော အဆင့်မြင့်ပုံရိပ်ဖော်နည်းပညာများအကြောင်း မပါဝင်ခဲ့ပါ။ နောက်ပိုင်းတွင် ဒေါက်တာဇင်းဆင့်ကုပ်က ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှဆေးပညာနှင့်ခွဲစိတ်ပညာရပ်များတွင် ဝင်ရောက်ဆောင်ရွက်ခဲ့မှုများကြောင့် သူကောင်းပြုခြင်းခံခဲ့ရပါသည်။

မျက်မှောက်ခေတ်တွင် Acute Abdomen လူနာများနှင့် ပထမဆုံးတွေ့ကြုံကြရသူများက အထွေထွေရောဂါကုဆရာဝန်များ၊ အရေးပေါ်ဌာနဆရာဝန်များနှင့် အထူးသူနာပြုများဖြစ်ကြသည်။ အနောက်နိုင်ငံများတွင် ဆရာဝန်မလောက်ငမှုကြောင့် သူနာပြုများကို အထူးလေ့ကျင့်သင်ကြားမှုများပြုလုပ်ပေးပြီး ဆေးဝါးညွှန်းဆိုခွင့်လက်မှတ်ပေးထားခြင်းမျိုးရှိသည်။ ဆရာဝန်ဘွဲ့မရသော်လည်း ဆရာဝန်၏လက်ထောက်အဖြစ်သတ်မှတ်ပြီး ဆေးကုသခွင့် အတိုင်းအတာတစ်ခုရရှိထားသည့် ကျန်းမာရေးဝန်ထမ်းပုံစံသစ်များလည်းရှိသည်။ ထိုကျန်းမာရေးဝန်ထမ်းများသည်လည်း ရုတ်တရက်ဗိုက်အောင့်၊ ဗိုက်နာလူနာများနှင့် အရင်ဆုံးကြုံတွေ့ရနိုင်သည်။

> **❖ဗိုက်အောင့်၊ ဗိုက်နာခြင်းက အဖြစ်များသည့် ရောဂါလက္ခဏာတစ်ခုဖြစ်သည်။ နောက်ခံရောဂါအကြောင်းရင်းအတော်များများက ဗိုက်နာခြင်းဝေဒနာဖြင့် အစပျိုးတတ်ကြသည်။ သန်ထိုးလျှင်လည်း လူနာက ဗိုက်နာသည်ဟုသာပြောသည်၊ လေထိုးလျှင်လည်း ဗိုက်နာသည်ဟုသာပြောသည်။ အူပိတ်နေလျှင်လည်း ဗိုက်နာသည်ဟုသာ ပြောမည်ဖြစ်သည်။ နောက်ခံရောဂါများ၏ အတိမ်အနက်ကို မေးမြန်းစမ်းသပ်ပြီး ဖော်ထုတ်နိုင်ရန်က ဆရာဝန်၏တာဝန်ဖြစ်ပါသည်။ ❖**

ထိုကျန်းမာရေးဝန်ထမ်းများအားလုံးသည် ခွဲစိတ်ဆရာဝန်များမဟုတ်ကြပါ။ ဗိုက်အောင့်လူနာကို သက်သာစေရန် အကိုက်အခဲပျောက်ဆေးများပေးကြရသည်။ သွေးစစ်ဆေးရန် စီစဉ်ရသည်။ လိုအပ်သည့် ပုံရိပ်ဖော်နည်းပညာများဖြင့် စစ်ဆေးပေးရန်ချိတ်ဆက်ပေးရသည်။ အဖြေရလာသည့်အခါ လိုအပ်သည့် လူနာကို ခွဲစိတ်ဆရာဝန်ဆီ လွှဲပြောင်းပြသပေးရသည်။ ထိုအခါတွင် အထက်ပါကျန်းမာရေးဝန်ထမ်းတစ်ဦးချင်းစီ၏အတွေ့အကြုံနှင့် လေ့လာအားထုတ်မှုများက လူနာ၏ရောဂါအပေါ် သတ်မှတ်ဆုံးဖြတ်ချက်ကို များစွာလွှမ်းမိုးမှုရှိသွားသည်။ ၎င်းကို Cognitive bias ဟုခေါ်သည်။ မိမိသန်ရာသန်ရာအတွေ့အကြုံအလိုက် ဆုံးဖြတ်လိုက်ကြသည့်သဘောဖြစ်သည်။ ဘက်လိုက်မှုများလည်းရှိနိုင်သည်။ အဆင့်မြင့်ပုံရိပ်ဖော်နည်းပညာများဖြင့် ရောဂါရှာဖွေလာနိုင်သည့်တိုင်အောင် Cognitive bias များကြောင့် ရောဂါသတ်မှတ်ချက်မှားယွင်းမှုများ ရှိနေဆဲဖြစ်ပါသည်။

၂၁ရာစု Acute Abdomen ရောဂါရှာဖွေကုသကြရာတွင် အကိုက်အခဲပျောက်ဆေးသုံးစွဲမှုများ၏ အကျိုးအပြစ်၊ ပုံရိပ်ဖော်နည်းပညာများ၏ အကျိုးကျေးဇူး၊ အချိန်မီခွဲစိတ်ကုသနိုင်ခြင်း၏အရေးပါပုံနှင့် ဆုံးဖြတ်ချက်လွဲမှားမှုများအကြောင်း ထည့်သွင်းဆွေးနွေးရန်လိုအပ်ပါသည်။

**ရောဂါရှာဖွေနေချိန် အကိုက်အခဲပျောက်ဆေးများ အသုံးပြုခြင်း**

ဗိုက်အောင့်၊ ဗိုက်နာခြင်းက အဖြစ်များသည့် ရောဂါလက္ခဏာတစ်ခုဖြစ်သည်။ နောက်ခံရောဂါအကြောင်းရင်းအတော်များများက ဗိုက်နာခြင်းဝေဒနာဖြင့်အစပျိုးတတ်ကြသည်။ သန်ထိုးလျှင်လည်း လူနာက ဗိုက်နာသည်ဟုသာပြောသည်၊ လေထိုးလျှင်လည်း ဗိုက်နာသည်ဟုသာပြောသည်။ အူပိတ်နေလျှင်လည်း ဗိုက်နာသည်ဟုသာ ပြောမည်ဖြစ်သည်။ နောက်ခံရောဂါများ၏အတိမ်အနက်ကို မေးမြန်းစမ်းသပ်ပြီး ဖော်ထုတ်နိုင်ရန်က ဆရာဝန်၏တာဝန်ဖြစ်ပါသည်။ အရေးပေါ်ဌာနများသို့ လူနာကလူးလှိမ့်ပြီးရောက်လာသည့်အခါ နောက်ခံရောဂါကို ရှာဖွေဖော်ထုတ်ရန် စီစဉ်ကြရသကဲ့သို့ လတ်တလော လူနာခံစားနေရသည့် ဗိုက်နာ၊ဗိုက်အောင့်ဝေဒနာကိုလည်း သက်သာအောင်ကုသပေးရန် တာဝန်ရှိလာသည်။ နာကျင်မှုဝေဒနာကို လုံးဝပျောက်ကင်းသွားအောင် မလုပ်ပေးနိုင်သေးလျှင်တောင်မှ သက်သာအောင်ကုသပေးရန် လိုအပ်သည်။ ထိုအခါ တာဝန်ခံဆရာဝန်က နာကျင်မှုပျောက်ဆေးများဖြင့် ကုသပေးရန် စဉ်းစားလာရပါသည်။

ထိုနေရာတွင် ဆရာဝန်များကြား သဘောကွဲလွဲမှုများရှိလာသည်။ အချို့ဆရာဝန်များက အကိုက်အခဲပျောက်ဆေးပေးလိုက်ပါက နာကျင်မှုသက်သာသွားပြီး နောက်ခံရောဂါကို ဖုံးကွယ်လိုက်သကဲ့သို့ဖြစ်ကာ ရောဂါဖော်ထုတ်နိုင်မှုနောက်ကျသွားမည်ကို စိုးရိမ်ကြသည်။ ဂျာမနီနိုင်ငံမှ ဆရာဝန် ၄၉၅ ဦး ပါဝင်သည့် စစ်တမ်းတစ်ခုတွင် ထိုဆရာဝန်များ၏ ၄၅ ရာခိုင်နှုန်းက အကိုက်အခဲပျောက်ဆေးပေးရန် သဘောတူကြပါသည်။ ဘယ်လောက်များများထိ ပေးနိုင်မလဲဆိုရာတွင် သဘောကွဲလွဲကြသည်။ အရေးပေါ်ဌာန ဆရာဝန်များပါဝင်သည့် စစ်တမ်းတစ်ခုတွင် ဆရာဝန် ၈၅ ရာခိုင်နှုန်းက ဗိုက်အောင့်၊ ဗိုက်နာလူနာများကိုအကိုက်အခဲပျောက်ဆေးများပေးခြင်းဖြင့် ရောဂါရှာဖွေဖော်ထုတ်မှုအပေါ် သက်ရောက်မှုမရှိကြောင်း သဘောတူကြသည်။ သို့သော် Opi-oids အနွယ်ဝင် နာကျင်မှုပျောက်ဆေးများကို ခွဲစိတ်ဆရာဝန်က မစမ်းသပ်ရသေးမီ မပေးသင့်ကြောင်း အရေးပေါ်ဆရာဝန်များ၏ ၇၆ ရာခိုင်နှုန်းက လက်ခံကြသည်။

ဆေးပညာသုတေသနစာပေများတွင် ဗိုက်အောင့်၊ ဗိုက်နာခြင်းကို အကိုက်အခဲပျောက်ဆေးများပေးနိုင်ကြောင်း မဲပေးထားကြသည်။ ၂၀၁၅ ခုနှစ်က ထုတ်ဝေသည့် အထွေထွေရောဂါကုဆရာဝန်များအတွက် ညွှန်ကြားချက်များမှာ ဆရာဝန်တစ်ဦးသည် ရုတ်တရက် ဗိုက်အောင့်၊ ဗိုက်နာသည့်လူနာများအတွက် ရောဂါရှာဖွေနေစဉ် အကိုက်အခဲပျောက်ဆေးများကို ချင့်ချိန်ပြီး သုံးစွဲနိုင်ကြောင်း ဖော်ပြထားသည်။ ဘယ်လောက်ကြာကြာ၊ ဘယ်လောက်များများပေးရမည်ဆိုသည်ကို မပြောထားပါ။ အကိုက်အခဲပျောက်ဆေးပေးလိုက်သည့်အခါ ဗိုက်နာတာလျော့သွားသည်၊ အမှန်က လူနာ၏နောက်ခံရောဂါက အူပေါက်နေတာဖြစ်ချင်ဖြစ်မည်၊ ဗိုက်မနာတော့သည့်အတွက် သက်သာပြီဆိုပြီး အိမ်ပြန်သွားလျှင် အသက်အန္တရာယ်ရှိနိုင်သည်။ တကယ်တမ်း လက်တွေ့သုတေသနများလုပ်ကြည့်သည့်အခါ အကိုက်အခဲပျောက်ဆေးများကြောင့် အရေးကြီးသည့် ဗိုက်အောင့်၊ ဗိုက်နာ နောက်ခံအကြောင်းတရားရောဂါများကို ဖုံးကွယ်သလိုဖြစ်ပြီး လူနာအသက်ဆုံးရှုံးမှုများ မရှိနိုင်ကြောင်း တွေ့ရသည်။

Opioidsအနွယ်ဝင် နာကျင်မှုပျောက်ဆေးများကို ဗိုက်အောင့်လူနာများအား မပေးရဲရခြင်းက မော်ဖင်းကဲ့သို့သော Opioids ဆေးများသည် အူများ၏လှုပ်ရှားမှုကိုလျော့ကျစေသည်။ အူပိတ်နေသည့်လူနာများမှာ အူလှုပ်ရှားမှုက အလွန်များသည်။ ပိတ်ဆို့နေသောနေရာကို ပွင့်သွားအောင် အူကညှစ်ချသည်။ ထိုအခါမှာ မခံမရပ်နိုင်အောင် ဗိုက်နာလာသည်။ ထိုအခြေအနေတွင် အူလှုပ်ရှားမှုကိုလျော့စေသည့် Opioids ဆေးများပေးလိုက်လျှင် နာကျင်မှုကိုလျော့ကျစေမည်၊ သို့သော် အူပိတ်ခြင်းက ပိုဆိုးသွားစေနိုင်သည်ဟု မှတ်ယူခဲ့ကြသည်။ တကယ်တမ်း သုတေသနများမှာ ထိုအူပိတ်ပြဿနာ ထင်သလိုမဖြစ်ကြောင်း တွေ့ရပါသည်။

Opioids အနွယ်နာကျင်မှုပျောက်ဆေးများဖြစ်သည့် မော်ဖင်း၊ Meperidine၊ Tramadol ဆေးများကို ရုတ်တရက် ဗိုက်အောင့်၊ဗိုက်နာလူနာများကို ပေးကြည့်သည့်အခါ ဗိုက်နာရောဂါက သက်သာသွားပြီး နောက်ခံရောဂါကုသမှုကို နှောင့်နှေးကြန့်ကြာမှု မဖြစ်စေကြောင်း သုတေသနများစွာတွင် ဖော်ပြထားပြီးဖြစ်သည်။ အချို့နိုင်ငံများတွင် လူဖြူ၊ လူမည်း ခွဲခြားမှုများရှိသည်။ အမေရိကန်နိုင်ငံ၌ ရုတ်တရက် ဗိုက်အောင့်၊ ဗိုက်နာပြီးရောက်လာသည့် လူဖြူများကို အကိုက်အခဲပျောက်ဆေးများပေးပြီးကုသသည့်နှုန်းက လူမည်းများမှာထက် ၂၂ ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းထိ ပိုများနေကြောင်း တွေ့ရပါသည်။

**ပုံရိပ်ဖော်နည်းပညာများဖြင့်ရောဂါရှာဖွေခြင်း**

များသောအားဖြင့် ရုတ်တရက်ဗိုက်အောင့်၊ ဗိုက်နာပြဿနာများ၏ နောက်ခံအကြောင်းရင်းမှာ စိုးရိမ်ဖွယ်ရာမရှိတတ်ပါ။ တစ်ခါတစ်ရံတွင် ရုတ်တရက် ဗိုက်အောင့်၊ ဗိုက်နာခြင်းသည် နောက်ခံရောဂါကြီးတစ်ခု၏ နောက်ကျနေသည့် ရောဂါလက္ခဏာတစ်ခုဖြစ်နေတတ်ပါသည်။ ထိုအခြေအနေမျိုး၌ အဆင့်မြင့်ပုံရိပ်ဖော်နည်းပညာရပ်များ၏ အခန်းကဏ္ဍက အရေးကြီးလာပါသည်။ အများကြားဖူးနေကျ တီဗီဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန်၊ သံလိုက်စက်ကွင်းဓာတ်မှန်များက အရေးပေါ်ဗိုက်အောင့်၊ ဗိုက်နာရောဂါများရှာဖွေရေးတွင် သူ့နေရာနှင့်သူ အသုံးတည့်သည်။

ထိုပုံရိပ်ဖော်နည်းပညာများထဲ၌ အသုံးအတည့်ဆုံးက CT Angiography ခေါ်သည့် သွေးကြောများကို ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးသည့်နည်းလမ်းဖြစ်သည်။ သတိပြုရန်အချက်က CT Angiogram ကို ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် မပြုလုပ်ရပါ။ ဝမ်းဗိုက်ထဲမှရင်သွေးကို ဓာတ်ရောင်ခြည်သင့်နိုင်သောကြောင့်ဖြစ်ပါသည်။ ၎င်းနည်းပညာဖြင့် ဝမ်းဗိုက်အတွင်းရောင်ရမ်းမှုများ၊ အူပေါက်ခြင်းနှင့် ဝမ်းဗိုက်အတွင်းမှ သွေးကြောများပိတ်ခြင်း စသည့်ရောဂါများကို ဖော်ထုတ်နိုင်ပါသည်။

**ကိုးကား**

– Acute Abdomen in the Modern Era from NEJM July 2024

**ဒေါက်တာလွှမ်းမိုးဟန်**

# ခိုင်နှင်းဝေဖောင်ဒေးရှင်းနှင့် စေတနာရှင်၊ အလှူရှင်များက ကလောမြို့နယ်ရှိ ရေဘေးသင့်အိမ်ထောင်စု ၁၅၅ စုကို တစ်အိမ်ထောင်လျှင် ငွေကျပ်သိန်း ၃၀ လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၂၄**

ခိုင်နှင်းဝေ ဖောင်ဒေးရှင်းနှင့် စေတနာရှင်၊ အလှူရှင်များက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်ရှိ နေအိမ်ပြိုပျက်ခဲ့ရသည့် ရေဘေးသင့် အိမ်ထောင်စု ၁၅၅ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ်သိန်း၃၀ ကိုယနေ့တွင်သွားရောက်လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ခိုင်နှင်းဝေ ဖောင်ဒေးရှင်းအနေဖြင့် မရှိခဏ ဆရာတော်၏ ဩဝါဒကိုခံယူပြီး ရပ်မိရပ်ဖများ ရှေ့မှောက်တွင် နေအိမ်ပြိုပျက်ခဲ့ရသည့် အိမ်ထောင်စု ၁၅၅ စုကို တစ်အိမ်ထောင်လျှင် ငွေကျပ်သိန်း ၃၀ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကလောမြို့နယ်အတွင်းက နေအိမ်ပြိုသွားတဲ့ အိမ်ထောင်စု ၁၅၅ စုအတွက် တစ်အိမ်ထောင်ကို ငွေသား သိန်း ၃၀ နှုန်းနဲ့ စုစုပေါင်း သိန်း ငါးထောင်လောက်ကို ကူညီမျှဝေ ပေးဖြစ်ခဲ့ပါတယ်။ ကလော၊ ညောင်ရွှေ၊ အင်းလေး၊ ရွှေညောင်ဘက်က ရေဘေးသင့်ရွာ အသီးသီးအတွက် ငွေသားသိန်း ၁၀၀၀၀ ကိုလဲ မရှိခဏဆရာတော်ကြီးရဲ့ ဩဝါဒခံယူပြီး ရေစက်သွန်းချ အမျှဝေပြီးတော့ ရပ်မိရပ်ဖလူကြီးတွေရှေ့မှောက်မှာ ရေဘေးသင့်မိသားစုတွေလက်ထဲကို ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းမျှဝေခဲ့ပါတယ်" ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

ASH

# Netflix ၏ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်၌ မင်းသား အန်တိုနီရာမို့ သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၂၄**

Netflix ကုမ္ပဏီ၏ လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်တွင် မင်းသား အန်တိုနီရာမို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက်သတင်းများအရ သိရသည်။

တရားဝင်ဇာတ်ကားနာမည် မသိရသေးသော အဆိုပါဇာတ်ကားတွင် အန်တိုနီရာမို့သည် မင်းသား အိုက်ဒရစ်အယ်ဘာ၊ မင်းသမီး ရေဘက်ကာဖာဂူဆန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို အမေရိကန် အမျိုးသမီး ဒါရိုက်တာ ကတ်သရင်းဘီဂျီလောက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Netflix ကုမ္ပဏီသည်အထက်ပါဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်နှင့် ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

၎င်းဇာတ်ကားသည် ဒါရိုက်တာ ကတ်သရင်းဘီဂျီလော အတွက် Detroit (2017)ဇာတ်ကားနောက်ပိုင်းထွက်ရှိတဲ့ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# ခွေးတစ်ကောင်၏အခြားတစ်ဖက် ဇာတ်လမ်းတွဲကို SKYPREMIER HD မှ ထုတ်လွှင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၄**

ခွေးတစ်ကောင်၏ အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ ၂၇ ရက်တွင် SKY-PREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် ရွှေကိန္နရီက ပြောပြ၍ သိရသည်။

ခွေးတစ်ကောင်၏ အခြားတစ်ဖက် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို စိုးသန်းက ရေးသားထားခြင်းဖြစ်ပြီး ဒီအေးလွင်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာအဖြစ်လည်း ဒီအေးလွင်က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ခွေးတစ်ကောင်၏ အခြားတစ်ဖက်ဆိုတဲ့ ခွေးလိမ္မာဇာတ်လမ်းတွဲလေးမှာ ခွေးက တိရစ္ဆာန်ကုဆရာဝန်မလေးပါ။ လူနဲ့တိရစ္ဆာန်ကြားက မေတ္တာတရား။ စစ်မှန်တဲ့ မေတ္တာတရားရဲ့ ကြီးမားတဲ့ စွမ်းအားကို သိရှိစေနိုင်မဲ့ ဇာတ်လမ်းတွဲလေးဖြစ်ပါတယ်။ ခွေးကလေး J Hunter ပါဝင်သရုပ်ဆောင်ထားပါတယ်။ ခွေးကလေးတွေရဲ့ သခင်အပေါ်တွယ်တာမှု၊ သံယောဇဉ်နဲ့ လူတွေရဲ့လောဘ၊ မောဟတွေကို ရိုက်ကူးပြသထားတဲ့ ရုပ်သံဇာတ်လမ်းတွဲလေးကို SKYPREMIER-HD ရုပ်သံလိုင်းမှာ စောင့်မျှော် ကြည့်ရှုပေးပါအုံး" ဟု သရုပ်ဆောင် ရွှေကိန္နရီက ပြောပြသည်။




ခွေးတစ်ကောင်၏ အခြားတစ်ဖက်ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကြည်ဖြူအောင်၊ ဇော်ဦး၊ ကျော်ဇေယျ၊ ကျော်ဇင်ထွဋ်၊ စောမိုးဇက်၊ ရွှေကိန္နရီ၊ မိုခမ်း၊ အေးသဇင်မောင်နှင့် အခြားအနုပညာရှင်များပါဝင်ထားပြီး အဆိုပါဇာတ်လမ်းတွဲကို စက်တင်ဘာ ၂၇ ရက် သောကြာနေ့မှ တနင်္ဂနွေနေ့ထိ နေ့စဉ် ည ၉ နာရီတွင် SKY-PREMIER HD မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် Family Time ဇာတ်ကားကို ဖင်လန်ရွေးချယ်

**ဟယ်လ်ဆင်ကီး စက်တင်ဘာ ၂၄**


၉၇ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် Family Time ဒရာမာဟာသဇာတ်ကားကို နိုင်ငံကိုယ်စားပြု ဇာတ်ကားအဖြစ် ဖင်လန်နိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

Family Time ဇာတ်ကားကို ဖင်လန်အမျိုးသမီး ဒါရိုက်တာ တီယာကူဗိုက တာဝန်ယူရိုက်ကူးပေးထားပြီး ၎င်းဇာတ်ကားသည် မျိုးဆက်သုံးဆက်မျှ မသင့်မမြတ်ဖြစ်ခဲ့ကြသူများ အားလပ်ရက်ကာလတွင် အဘိုး၏နေအိမ်၌ ပြန်လည်တွေ့ဆုံကြပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အော်စကာဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် ဖင်လန်နိုင်ငံက တင်သွင်းခဲ့ဖူးသမျှ ဇာတ်ကားများအနက် တစ်ကားသည်သာ ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့ဖူးကြောင်း သိရသည်။

၉၇ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲကို ၂၀၂၅ ခုနှစ် မတ် ၂ ရက်တွင် လော့စ်အိန်ဂျလိစ်နယ်မြေ ဘီဗာလီဟေးလ်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO




# ပုဇွန်တောင်မြို့နယ် Izana Art Gallery တွင် Sunshine After Rain Group Art Exhibition ပန်းချီပြပွဲ ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Izana Art Gallery တွင် လူငယ်ပန်းချီဆရာ ၂၁ ဦး ပါဝင်ပြသမည့် Sunshine After Rain Group Art Exhibitionပန်းချီပြပွဲကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်ထိ ပြုလုပ်သွားမည် ဖြစ်ကြောင်း Izana Art Gallery မှ ပန်းချီကောင်းကျော်ခိုင်က ပြောပြ၍ သိရသည်။

Sunshine After Rain Group Art Exhibition ပန်းချီပြပွဲသည် Izana Gallery တွင် လစဉ်ကျင်းပပြုလုပ်နေသည့် Open Call for Artists အစီအစဉ်အရ ကျင်းပမည့် အနုပညာပြပွဲဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်တွင် ပါဝင်ပြသလိုသည့် ဝါရင့် ပန်းချီဆရာများ၊ လူငယ်ပန်းချီဆရာများကို လစဉ်ဖိတ်ခေါ်လျက်ရှိပြီး ပေးပို့လာသည့် ပန်းချီလက်ရာများအနက် အကောင်းဆုံးပန်းချီလက်ရာများကို ပြပွဲစီစဉ်သည့်အဖွဲ့မှ ရွေးချယ်ပြသပေးခြင်းဖြစ်ကြောင်း သိရသည်။

“အခုပြသမဲ့ပြပွဲမှာ ပါဝင်ပြသခွင့်ရတဲ့ ပန်းချီဆရာ စုစုပေါင်း ၂၁ ယောက်ရှိပါတယ်။ ဝါသနာရှင်တွေ၊ တက်သစ်စလူငယ်ပန်းချီဆရာလေးတွေအတွက် ကိုယ်တိုင်ဖန်တီးထားတဲ့ လက်ရာတွေကို ပြသခွင့်ရတဲ့အတွက် ဝယ်ယူစုဆောင်းလိုသူတွေနဲ့ ချိတ်ဆက်နိုင်ဖို့ အခွင့်အလမ်းကောင်းတစ်ခုလဲ ဖြစ်ပါတယ်”ဟု ပန်းချီ ကောင်းကျော်ခိုင်က ပြောပြသည်။

အဆိုပါပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၄x၂၄) လက်မ၊ (၃၆x၂၄) လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် ပါဝင်ပြီး အနည်းဆုံး ငွေကျပ် ငါးသိန်းမှ အများဆုံး ငွေကျပ်သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects undertakings for peace and stability in PyinOoLwin Station area, Central Command HQ



Senior General Min Aung Hlaing gives guidance on undertakings for peace and stability in PyinOoLwin Station area.

**Nay Pyi Taw September 24**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Htain Win, senior military officers from Office of Commander-in-Chief and officials, inspected undertakings for peace and stability in PyinOoLwin Station area, Central Command HQ yesterday and today.

At Nawadae Hall of Defence Services Academy, Command Commander Brig-Gen Kyaw Ko Htaik and the PyinOoLwin Station commander reported on measures to ensure peace, stability and security in the station area, seizure of arms and ammunition from terrorist insurgents while carrying out security duties.

In response, the Senior General said the station area needs systematic undertakings for security and peace and stability. In carrying out area organizing activities and area control activities, security personnel must have a comprehensive knowledge about the situation and facts of the area they are assigned to, and to carry out the security duties with the participation of locals through mutual assistance and indivisible unity between local military units and local people.

During inspection of 6-storey Thumingala Market (Nyandaw Market) project this afternoon, the Senior General heard a report on progress of work, market ring road and parking lots, inclusion of lifts and ordinary stairways, systematic construction of the market as a public place, layer-wise plans for shops, inclusion of playgrounds and theatres and installation of solar panels presented by Mandalay Region Chief Minister U Myo Aung.

As regards the reports, the Senior General said a development project must take worksite safety and proper drainage and ventilation into account. Hence, drains must be systematically constructed. Supervision is required for systematic arrangement of shops after the completion of construction works. The storey which will house food courts must be cleaned and has proper water and electricity supply systems. As lifts need constant power supply, solar power system must be installed as a backup. The aim of the new market project is to meet the growing population and tourist arrivals of PyinOoLwin and to serve as a one stop shopping centre. It must be an ideal market that sells local meet, fish, vegetables and fruits in systematic packages. ***See Page 14***



Senior General Min Aung Hlaing hears report on construction of Thumingala Market (Nyandaw Market).

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attends and supervises choice of arms for cadets from 67th intake of Defence Services Academy and 27th intake of the Defence Services Technological Academy



Senior General Min Aung Hlaing supervises choice of arms for cadets of 67th intake of DSA.

**Nay Pyi Taw September 24**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing separately participated in the choice of arms for cadets of the 67th intake of the Defence Services Academy and the 27th intake of the Defence Services Technological Academy on September 23 and today.

Accompanying the Senior General were Chief of the GeneralStaff (Army, Navy, and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice Admiral Htet Win; high-ranking officers from the Office the Commander-in-Chief, the commander of Central Command, the commandants of the academies, and other responsible personnel. They individually met the cadets, reviewing their academic and military excellence, passions, and efforts during their course to determine their suitability for respective military roles (Army, Navy, or Air Force).

Later, the Senior General, along with his entourage, had lunch with the cadets at the DSA's Anawrahta Battalion mess hall and the DSTA's Pyinnya Tanzaung cadet mess hall. They interacted closely with the cadets, addressing their needs and providing assistance.

In the afternoon of September 23, the Senior General and party visited the local military hospital in PyinOoLwin, meeting injured officers and soldiers who were wounded while fulfilling their duties related to national stability, security, and the rule of law. They engaged with the wounded personnel, inquired about their injuries and medical treatments, provided necessary support based on their feedback, and distributed food supplies.

Following this, the Senior General inquired about the hospital's needs and acted on the requests from responsible personnel.

The Senior General and party later inspected the regiments, battalions, and training schools within the PyinOoLwin Station by car.

This morning, the wife of the Senior General, Daw Kyu Kyu Hla, and her group also visited the PyinOoLwin People's Hospital, where they provided midday meals and cash assistance to the local patients receiving treatment. The hospital's director accepted the donations. Daw Kyu Kyu Hla then visited the maternity and pediatric wards, offering words of encouragement and support to the patients.

Subsequently, Daw Kyu Kyu Hla and her group visited the local military hospital in PyinOoLwin, where they met patients in the maternity and *See Page 14*



Senior General Min Aung Hlaing supervises choice of arms for cadets of 27th intake of DSTA.



Senior General Min Aung Hlaing chats with cadets of DSA in the mess hall.



Senior General Min Aung Hlaing chats with cadets of DSTA in the mess hall.



*From Page 12*

Pre-planning is required to ensure adequate parking areas, systematically open restaurants and shops during the festival seasons when the number of domestic and foreign visitor arrivals is high.

The Senior General looked around the market project, observing the ongoing works and giving guidance for work progress and facilitation.

The Senior General and party paid homage to historic Maha Shwe Myintin Pagoda in PyinOoLwin. First, the Senior General offered flowers and water and paid homage to the Buddha Image of the pagoda.

He then paid homage to the pagoda clock wise, gave guidance on constant maintenance of the pagoda and presented donations for multiple sectors of the pagoda through the pagoda board of trustees chair.

The Senior General and party paid homage to the Buddha Image at Buddha's Parda Footprint Hall and went round the pagoda clock wise. 100

**Senior General Min Aung Hlaing visits Shwe Myintin Pagoda in PyinOoLwin.**



Senior General Min Aung Hlaing comforts a patient.



Daw Kyu Kyu Hla presents gift to a patient.



Daw Kyu Kyu Hla encourages a patient.



Daw Kyu Kyu Hla presents cash assistance for hospitalized officers, soldiers and their families.

*From Page 13*

pediatric wards, offering words of encouragement and providing food supplies. Additionally, Daw Kyu Kyu Hla donated midday meals and provided cash assistance to the officers, soldiers, and their families receiving treatment at the hospital, which were accepted by the medical superintendent. She also observed the consumption of midday meals by the officers and soldiers in the hospital's nutrition division, offering support and encouragement. 100

# Death toll from Israeli airstrikes on Lebanon rises to 558

**Beirut September 24**

The death toll from intensive Israeli airstrikes on southern and eastern Lebanon since Monday reached 558, including 50 children and 94 women, with injuries reaching 1,835, Lebanese Health Minister Firas Abiad said on Tuesday.

Abiad said the airstrikes targeted 14 ambulances, killing four paramedics and injuring 16 others.

He condemned the Israeli forces for targeting civilians, medical teams, and the Bint Jbeil hospital.

"The Israeli enemy's claims of only targeting Hezbollah members are false; The figures we mentioned show that the enemy is targeting innocent civilians and medical staff," he said.

The Israeli army has launched intensive airstrikes on villages and towns in southern and eastern Lebanon since Monday, displacing thousands of families to safer areas.

Since Oct. 8, 2023, Hezbollah and the Israeli army have been exchanging fire across the Lebanese-Israeli border, raising concerns of a broader conflict as the war between Hamas and Israel continues in the Gaza Strip.

Xinhua

# Sitagu Sayadaw Dr Bhaddanta Nyanissara, well-wishers donate cash for relief, rehabilitation in areas hit by Typhoon Yagi




Vice-Senior General Soe Win and the congregation receive the Five Precepts from Sayadaws led by Sitagu Sayadaw at the ceremony to donate cash for relief and rehabilitation work in the areas hit by Typhoon Yagi.

**Nay Pyi Taw September 24**

A ceremony to donate cash for relief and rehabilitation of areas hit by Typhoon Yagi by State Ovadacariya Chairman of Shwekyin Nikaya Ghanadhipati Solasama head of Shwekyin Nikaya Adhipati of Sitagu World Buddhist Universities and Sitagu Hospitals Abhidhaja Maha Ratha Guru Abhidhaja Agga Maha Suddhama Jotika union ministers, deputy ministers, departmental heads, well-wishers and officials.

First, members of the Sangha led by Sitagu Sayadaw and congregation paid obeisance to Buddha by reciting Namo Tassa three times.

Then, video clip titled "Let's overcome natural disaster with unity, which depicts dangerous situations caused by Typhoon Yagi and Katha and Ovada Katha for cash donations. When cash donations were presented, the Vice-Senior General accepted US$ 10,000 donated by Sitagu Sayadaw from a Kappiyakaraka and presented an Anumodana certificate of honour to the Sayadaw. Then, the Vice-Senior General accepted MMK 100 million donated by the family of Kunchoya Company able this morning. A total of 253 monasteries and 926 road and bridges were swept away by floods. Many power posts and communications towers were damaged. Similarly, more than 100,000 animals were also killed and 750,000 acres of paddy were also destroyed. The government has been carrying out relief and rehabilitation task by allocating MMK 30 billion. ing are being repaired. After being hit by Cyclone Mocha last year, floods water entered into Bagan ancient cultural zone. As a result, steps were taken to make water flow quickly and greening tasks in accordance with the guidance of the Head of State by dredging ancient lakes and facilitating drainage systems. As a result, less damage was reported at the ancient 10,000 by Sitagu Sayadaw and MMK 100 million by Kunkhiya Company family for victims in floods-hit areas. Floods victims and monks and public will recite Sadu happily. May Sayadaw live more than one-hundred years ! May Sayadaw carry out missionary tasks in physical and mental happiness! May families of well-wishers live healthily and wealthily!



Vice-Senior General Soe Win presents certificate of honour to a donor.



Vice-Senior General Soe Win presents certificate of honour to a donor.

Maha Dhamma Kathika Bahujana Hitadhara Sitagu Sayadaw Dr Bhaddanta Nyanissara and well-wishers was held at meeting hall of the Ministry of Religious Affairs and Culture in Nay Pyi Taw this afternoon.

The ceremony was attended by Sayadaws led by Sitagu Sayadaw Dr Bhaddanta Nyanissara, Chairman of National Natural Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, vice chairmen of the committee, subsequent floods, search and rescue efforts and delivery of aid, was screen and documentaries of donations to monasteries and nunneries hit by floods in Nay Pyi Taw Council Area by the Ministry of Religious Affairs and Culture were played.

Then, the Vice-Senior General and congregation received five precepts from Sitagu Sayadaw and Sayadaws led by Sitagu recited Dukkhapattaca Nidhadukkha verse and Savhitijaw Vivijantu verse.

Afterward, Sitagu Sayadaw delivered Samwega and presented a certificate of honour.

Afterward, union ministers and officials led the Vice-Senior General offered religious items to Sayadaws led by Sitagu Sayadaw.

Then, the Vice-Senior General spoke words of thanks for cash donations, saying floods were caused by Typhoon Yagi and heavy rains hit 54 townships in nine regions and states, submerging buildings and schools. Moreover, more than 140,000 people were affected and 419 people were killed by floods, according to statistics avail- Moreover, well-wishers donated MMK 32.2 billion at a cash donation ceremony held on 21 September and the government has accepted the cash donations. Such cash donation showed the generosity of well-wisher and business owners. Rehabilitation tasks will be carried out in floods-hit areas as soon as possible by spending the cash donations. Measures are being taken to reopen schools which were closed in floods-hit areas as soon as possible in accordance with the guidance of the Prime Minister while damaged school build- cultural zone in the rainy season. Out of 106 ancient lakes in Bagan, 91 lakes are being dredged. 28 of them have been completed and nine are still being dredged. Maintenance tasks are being carried out in 47 lakes with the use of cash donations by members of the Sangha and laypersons. Due to dredging of lakes and building three drainage system, Bagan was not hit by floods related to Typhoon Yagi and only 11 religious buildings were slightly damaged. The SAC would like to special express thanks for donations of US$

Then, the congregation meditated on merit-sharing sermons delivered by Sitagu Sayadaw. Then, the Sayadaw administered merit-sharing for donations of the Sayadaw and Kunkhoya Company family, well-wishers on 21 September,well-wishers in regions and states and well-wishers abroad by inviting the souls of the dead due to various reasons including floods and landslides to recite Sadu for deliverance of the souls. The ceremony concluded with three times recitation of Buddha Sasanam Ciram Titthatu. 100






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် အမှာစကားပြောကြားစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**ယခု အဆင့်မြင့်ဈေးသစ်တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှုများပြားလာမှုများနှင့်ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်. . .**

⚐ ရှေ့ဖုံးမှအဆက်

လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြင်ဦးလွင်တပ်နယ်အနေဖြင့် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်နယ်အတွင်း နယ်မြေစည်းရုံးရေးလုပ်ငန်းများနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း မိမိတို့တာဝန်ထမ်းဆောင်ရသည့်နယ်မြေအလိုက် ဒေသ၏နယ်မြေဒေသအခြေအနေများ၊ ဒေသဆိုင်ရာအချက်အလက်များကို ခြေခြေမြစ်မြစ်သိရှိထားရမည်ဖြစ်ကြောင်း၊ နယ်မြေခံတပ်များနှင့် ဒေသခံများ တစ်သားတည်းဖြစ်နေရမည်ဖြစ်ပြီး အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နယ်မြေလုံခြုံရေး၊ ဒေသခံများ၏လုံခြုံရေးကို အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဈေးပတ်လမ်းနှင့် ယာဉ်ရပ်နားရန်နေရာများ၊ ဓာတ်လှေကားများ၊ ရိုးရိုးလှေကားများ၊ ထည့်သွင်းဆောင်ရွက်ထားမှု၊ အများပြည်သူသုံးအဆောက်အအုံဖြစ်သဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိမှု၊ အထပ်အလိုက် ဆိုင်ခန်းများဖွင့်လှစ်နိုင်ရေးလျာထားဆောင်ရွက်လျက်ရှိမှု၊ ကလေးကစားကွင်းနေရာများ၊ ရုပ်ရှင်ရုံများထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆိုလာပြားများ တပ်ဆင်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ရေစီးရေလာနှင့် ရေဝင်ရေထွက် ကောင်းမွန်စေရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား၍ ရေနုတ်မြောင်းများကို စနစ်တကျထည့်သွင်း တည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ စားသောက်ဆိုင်ခန်းများ ထားရှိမည့်အထပ်တွင် သန့်ရှင်းမှုရှိစေရေးကို အလေးထားဆောင်ရွက်သွားရန်နှင့် ရေ၊ မီးစနစ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဓာတ်လှေကားစနစ်တွင် လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေးသည် အရေးကြီးသဖြင့် ဓာတ်အားပြတ်တောက်မှုမဖြစ်စေရေး ဆိုလာစနစ်ဖြင့်ဆောင်ရွက်ထား

**၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)**
**အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား**
**တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်**

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်(**ယနေ့**)ညနေ ၃ နာရီ ၁၀ မိနစ်မှစ၍ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports Channel၊ MRTV HD Channel နှင့် MRTV Parliament တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စေတီတော်မြတ်ကြီးရှိဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး

ရှိရန်လိုကြောင်း၊ ယခုအဆင့်မြင့်ဈေးသစ်တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှုများပြားလာမှုများနှင့်ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ စံပြဈေးဖြစ်ရမည်ဖြစ်ကြောင်း၊ ဒေသထွက်အသားများ၊ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကိုလည်း စနစ်တကျထုပ်ပိုး၍ ထည့်သွင်းရောင်းချနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပွဲတော်ရာသီများ၌ ပြည်တွင်း၊ပြည်ပခရီးသွားများ လာရောက်ချိန်၌ ယာဉ်များစနစ်တကျရပ်နားနိုင်ရေး၊ စားသောက်ဆိုင်များ စနစ်တကျဖွင့်လှစ်နိုင်ရေး၊ ဆိုင်ခန်းများစနစ်တကျရှိစေရေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

ကြိုတင်တွက်ချက် ဆောင်ရွက်ထားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိသမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ သင်တန်းသားဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇)မှ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇)မှ သင်တန်းသား ဗိုလ်လောင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

☆ ကျောဖုံးမှအဆက်

၎င်းတို့နှင့်သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီး အတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နေ့လယ်ပိုင်း များတွင် စစ်တက္ကသိုလ် အနော်ရထာ တပ်ရင်း ဗိုလ်လောင်းစားရိပ်သာနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ပညာ တန်ဆောင် ဗိုလ်လောင်းစားရိပ်သာတို့၌ သင်တန်းသားဗိုလ်လောင်းများနှင့် အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြပြီး ဗိုလ်လောင်းများကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်၍ လိုအပ်ချက်များအား မေးမြန်း ဖြည့်ဆည်းပေးသည်။

စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၁၉ သို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကိုထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၅ ရက်သာ လိုတော့သည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအတွက် နေ့လယ်စာအာဟာရနှင့် ဆေးရုံအတွက် အလှူငွေများကိုပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူစဉ်။

စာမျက်နှာ ၁၈ မှအဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး နိုင်ငံတော်တည်ငြိမ်ရေး၊လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကိုထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ စစ်သည်များကိုတစ်ဦးချင်း၏ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးကုသပေးထားမှုများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ ၎င်းတို့၏တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံ၏လိုအပ်ချက်များအား မေးမြန်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ သင်တန်းကျောင်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူများအတွက် နေ့လယ်စာအာဟာရနှင့် ဆေးရုံအတွက်အလှူငွေများကိုပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။ ထို့နောက် သားဖွားမီးယပ်နှင့် ကလေးကုသဆောင်ရှိ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိပြီး သားဖွားမီးယပ်နှင့် ကလေးကုသဆောင်ရှိဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက ဆေးရုံ၌တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်၊ မိသားစုဝင်များအတွက် နေ့လယ်စာအာဟာရနှင့် ဆေးရုံအတွက် လှူဒါန်းငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့ကြောင်းနှင့် အာဟာရဌာနခွဲ၌ အရာရှိ စစ်သည်များ၏ နေ့လယ်စာအာဟာရ သုံးဆောင်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံရှိ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ မီးဖွားလူနာများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံရှိ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်၊ မိသားစုဝင်များအတွက် နေ့လယ်စာအာဟာရနှင့် ဆေးရုံအတွက် လှူဒါန်းငွေများကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံရှိ အာဟာရဌာနခွဲ၌ အရာရှိ စစ်သည်များ၏ နေ့လယ်စာအာဟာရ သုံးဆောင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် အလှူရှင်တို့က ရာဂိမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကရုဏာအလှူတော်ငွေများ ပေးအပ်လှူဒါန်း




နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် အလှူရှင်တို့က ရာဂိတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကရုဏာအလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် “သဘာဝဘေးအန္တရာယ်ကို ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားကြမည်” Video Clip နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများကို လှူဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းမှု မှတ်တမ်းများကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သီတဂူဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီးများက ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ-ဂါထာနှင့် သဗ္ဗီတိယော ဝိဝဇ္ဇန္တု-ဂါထာတော်တို့ဖြင့် မေတ္တာပို့တော်မူကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးက အလှူတော်ငွေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ သံဝေဂကထာနှင့် ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ အလှူငွေများပေးအပ်လှူဒါန်းရာ သီတဂူဆရာတော်ကြီး လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ဆရာတော်ကြီးကိုယ်စား ကပ္ပိယကာရကက ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လက်ခံရယူပြီး



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အခမ်းအနားသို့ကြွရောက်တော်မူရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က ကြိုဆိုပင့်ဆောင်စဉ်။




နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရလှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ဆရာတော်ဘုရားကိုယ်စား ကပ္ပိယကာရကက ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လက်ခံရယူစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ ကွန်းခိုရာကုမ္ပဏီမိသားစုက အလှူတော်ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

စာမျက်နှာ ၂၁ သို့



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အလှူတော်ငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ သံဝေဂကထာနှင့် ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားထားတင်ပြစဉ်။



ဆရာတော်ထံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အခမ်းအနားမှ ပြန်လည်ကြွချီတော်မူရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က လိုက်ပါပို့ဆောင်စဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ဆက်ကပ်သည်။

ဆက်လက်၍ ကွန်းခိုရာကုမ္ပဏီ မိသားစုက အလှူတော်ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လက်ခံရယူပြီး အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် သီတဂူဆရာတော်ကြီးနှင့် သံဃာတော်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားရာတွင် ရာဂိတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အဆောက်အအုံများနှင့် စာသင်ကျောင်းများတွင် ရေဝင်နစ်မြုပ်ခဲ့ပါကြောင်း၊ ထို့ပြင် လူဦးရေ တစ်သိန်း လေးသောင်းကျော် ရေဘေးဒုက္ခရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းအထိ စာရင်းများအရ ၄၁၉ ဦး သေဆုံးခဲ့ရပါကြောင်း၊ ဘာသာရေးနှင့်ပတ်သက်ပြီး ၂၅၃ ကျောင်းနှင့် လမ်း၊တံတား ၉၂၆ ခု ရေမျောပျက်စီးခဲ့သည့်အပြင် လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များလည်း များစွာပျက်စီးခဲ့ပါကြောင်း၊ အလားတူ တိရစ္ဆာန် တစ်သိန်းကျော်သေဆုံးခဲ့ပြီး စပါးစိုက်ဧက ခုနစ်သိန်းငါးသောင်းကျော် ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၃၀ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အလှူငွေပေးအပ်ပွဲတွင် စေတနာရှင်အလှူရှင်များက ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသဖြင့် လက်ခံရရှိခဲ့ကြောင်း၊ ထိုသို့လှူဒါန်းမှုသည် နိုင်ငံတော်အတွင်းတွင်ရှိကြသည့် စေတနာရှင်အလှူရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ သဒ္ဓါတရားထက်သန်မှုကို တွေ့မြင်ရပါကြောင်း၊ အဆိုပါအလှူငွေများကိုလည်း သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့်နေရာများ၌ အမြန်ဆုံးပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေဘေးသင့်ဒေသများ၌ ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ အောက်တိုဘာလအတွင်း အမြန်ဆုံးဖြစ်နိုင်သည့်နေရာမှန်သမျှ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည်များကို စီမံဆောင်ရွက်လျက်ရှိပြီး ထိခိုက်ပျက်စီးခဲ့သည့် ပညာရေးအဆောက်အအုံများကိုလည်း အမြန်ဆုံး ပြန်လည်ပြင်ဆင် တည်ဆောက်ပေးနိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း။

ယခင်နှစ်ကဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအချို့၌ ရေလွှမ်းမိုးမှုများရှိခဲ့မှုအပေါ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပေးခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သောကြောင့် ယခု မိုးသည်းထန်စွာရွာသွန်းချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှု နည်းခဲ့ခြင်းဖြစ်ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်ပေါင်း ၁၀၆ ကန်အနက် ရေကန် ၇၁ ကန်တို့ကို ပြန်လည်တူးဖော်ထိန်းသိမ်းခဲ့ရာ တူးဖော်ပြီး ၂၈ ကန် ဆောင်ရွက်ဆဲ ကိုးကန် ဆက်လက်တူးဖော် ထိန်းသိမ်းဆောင်ရွက်ဆဲရေကန် ၄၇ ကန် ဖြစ်ပြီး ရေကန်များကို ရဟန်းရှင်လူပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ ရေကန်များ တူးဖော်ထိန်းသိမ်းခြင်း၊ ရေလမ်းကြောင်း သုံးကြောင်း ဖော်ထုတ်တူးဖော်ခြင်းတို့ကြောင့် ရာဂိမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှုအန္တရာယ်မှ ကင်းလွတ်ခဲ့ပြီး ပုဂံရှေးဟောင်းဘုရားနှင့် သာသနိကအဆောက်အအုံ ၁၁ ခု၌ ထိခိုက်ပျက်စီးမှု အနည်းငယ်သာပျက်စီးခဲ့ပါကြောင်း။

ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများကို သီတဂူဆရာတော်ကြီးအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကိုလည်းကောင်း၊ ကွန်းခိုရာကုမ္ပဏီမိသားစုက ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းသည့်အတွက်လည်းကောင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ရေဘေးသင့်ပြည်သူများနှင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ကလည်း ဝမ်းမြောက်နှမော် သာဓုခေါ်မည်သာဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများ သက်တော်ရာကျော်ရှည်တော်မူပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ ဆတက်ထမ်းပိုး ဆောင်ရွက်တော်မူနိုင်ပါစေကြောင်းနှင့် အလှူရှင်မိသားစုများလည်း ကျန်းမာချမ်းသာပါစေကြောင်းဖြင့် ပြောကြားထားတင်ပြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ ရေစက်ချတရားနာယူကြရာ ဆရာတော်ကြီးနှင့် ကွန်းခိုရာကုမ္ပဏီမိသားစုက လှူဒါန်းသည့် အလှူတော်ငွေများအပါအဝင် စက်တင်ဘာ ၂၁ ရက်တွင် လှူဒါန်းခဲ့ကြသည့် အလှူရှင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအပါအဝင် နိုင်ငံရပ်ခြားမှ အလှူရှင်များအတွက် ရည်ရွယ်လျက် ကရုဏာအလှူတော်ကုသိုလ်အဖြစ်လည်းကောင်း၊ ရာဂိတိုင်ဖွန်းမုန်တိုင်းကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မိုးရွာသွန်းမှု များပြားလျက် ရေကြီးရေလျှံတောင်ပြိုခြင်း ဒုက္ခဒဏ်ခံစားခဲ့ရပြီး အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားခဲ့ရသူများအပေါင်းတို့အား ကျွတ်လွတ်ပါစေခြင်းအကျိုးငှာ ဖိတ်ခေါ်လျက်လည်းကောင်း မေတ္တာပို့သခြင်း၊ သာဓုခေါ်ဆိုနိုင်စေခြင်းငှာ ရေစက်ချအမျှပေးဝေခြင်းများစသည့် ကရုဏာအလှူတော်ကုသိုလ်ကောင်းမှုဆောင်ရွက်ပြီးနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**စစ်တောင်းမြစ်ရေ အခြေအနေ**

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# ပင်လောင်းမြို့နယ် ဒေသခံပြည်သူများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် တွေ့ဆုံပြီး သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်



**ဟိုပုံး စက်တင်ဘာ ၂၄**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး သဘာဝဘေးကြောင့် ဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြသိန်းတန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တမင်္ဂလအား ဖူးမြော်ကြည်ညို၍ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ အလှူတော်ငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရေဘေးနှင့်ကြုံတွေ့ရသည့် ပြည်သူများ၏ဆုံးရှုံးမှုများကို အမြန် ပြန်လည်ထူထောင်ပေးမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်နိုင်ရေး လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပြီး အဓိကဆောင်ရွက်ရမည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအတွက် ဦးစားပေးဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းများကိုတင်ပြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်သုံးမြို့နယ်၏ ရေဘေးသင့်မှုအခြေအနေများကို တင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ အား ပေးအပ်ရာ ခေတ္တမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကလည်းကောင်း၊ (PNO)အဖွဲ့ အတွင်းရေးမှူးချုပ် ဦးခွန်သိန်းဖေက ထောက်ပံ့ငွေကျပ်သိန်း ၅၀အား ပေးအပ်ရာ မြို့မိမြို့ဖတစ်ဦးကလည်းကောင်း လက်ခံရယူသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် နောင်တရား အာလူးအအေးခန်းနှင့် နောင်တရား သဘာဝမြေဩဇာစက်ရုံ လည်ပတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နောင်တရားသဘာဝမြေဩဇာစက်ရုံ ဧည့်ခန်းမဆောင်တွင် ဒေသခံများနှင့်တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သဘာဝဘေးကြောင့်ပျက်စီးသွားသည့် စာသင်ကျောင်းများ၊ လမ်းများ၊ တံတားများနှင့် ကျန်းမာရေးဆေးပေးခန်းများကို စာရင်းကောက်ယူပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးပြန်လည်ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ဒေသခံအလှူရှင်များ၊ ဒေသခံပြည်သူများပူးပေါင်းဆောင်ရွက်လျှင် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက လိုအပ်သည်များကို တင်ပြဆွေးနွေးရာ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဒေသခံများ၏တင်ပြချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ပြန်လည်ဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သဘာဝဘေးဒဏ်ပြင်းထန်စွာခံစားခဲ့ရသည့် နောင်မူဒေသပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် သိန်း ၅၀ နှင့် နောင်တရားဒေသ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ဒေသခံအလှူရှင်များဖြစ်သည့် အောင်ပန်းမြို့ CB ဘဏ်မှ ငွေကျပ်သိန်း ၅၀၊ နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၂၃၀ ကို ပေးအပ်ရာ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီနှင့် ဒေသခံများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရာဂိတိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် သေဆုံးခဲ့သော ဒေသခံပြည်သူများ၏ မိသားစုဝင်များထံ နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေများပေးအပ်




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တစ်ဦးလျှင် ငွေကျပ် ငါးသိန်းကို မိသားစုဝင်များထံ ထောက်ပံ့ပေးအပ်စဉ်။




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦးအတွက် နေပြည်တော်ကောင်စီမှ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းကို မိသားစုဝင်များထံ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၄**

ရာဂိတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှုများကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ချောင်းရေနှင့် မြစ်ရေများအဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ ရပ်ကွက်၊ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လမ်း၊တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊လူနေအိမ်၊ရုံး၊ဌာနအဆောက်အအုံ၊ စာသင်ကျောင်း၊ အခြားအဆောက်အအုံများအား ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါမုန်တိုင်းဒဏ်ကြောင့် သေဆုံးသူအပါအဝင် ထိခိုက်ဒဏ်ရာရရှိမှု၊ပျက်စီးဆုံးရှုံးမှုများအပေါ် နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေများ အမြန်ဆုံးပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်တင်ဘာ ၁၇ ရက်တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် လမ်းညွှန်ခဲ့မှုအရ သေဆုံး၊ဒဏ်ရာရရှိသူများအနက် သေဆုံးသူများကို ဦးစားပေးအဖြစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အလှူရှင်များက ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မုန်တိုင်းနောက်ဆက်တွဲဒဏ်ကြောင့် သေဆုံးခဲ့သည့်သူများအနက် ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦး၊ပျဉ်းမနားမြို့နယ်မှ သေဆုံးသူ ခုနစ်ဦး၊ဇေယျာသီရိမြို့နယ်မှ သေဆုံးသူ လေးတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ငွေကျပ် ငါးသိန်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် သုံးသိန်းနှင့် နေပြည်တော်ကောင်စီက ငွေကျပ် နှစ်သိန်း စုစုပေါင်းသေဆုံးသူတစ်ဦးလျှင် ငွေကျပ် ၁၀သိန်းဖြင့် ၂၂ဦးတို့၏ မိသားစုဝင်များလက်ဝယ်သို့ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မုန်တိုင်းဒဏ်ကြောင့် သေဆုံးခဲ့သူများ၏ မိသားစုဝင်များထံသို့လည်း ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေနှင့် အိုးအိမ်များပျက်စီးဆုံးရှုံးမှုအခြေအနေများအပေါ် မူတည်၍လည်း လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ဆက်လက် ဆောင်ရွက်ပေးသွားရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ၊ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်


နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်-ဩရိဿ တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)




## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက် (အင်္ဂါနေ့)သည် "ဘဏ်ပိတ်ရက်" ဖြစ်ပါသဖြင့် ၎င်းရက်တွင်ဘဏ်များအားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကိုယ်တိုင်လည်း အဖြစ်မရှိ၊ ကူညီသူသာဝေဖန်ပြစ်တင်လျက် ပြည်ဖျက် PDF"** ခေါင်းစဉ်ဖြင့် ၂၅-၉-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တတ်စွမ်းသမျှ ရေဘေးကူ၊ ငါတို့လူမျိုး တူနိုင်ရိုးလား"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၉၀၉၉၅၉၅သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း လယ်ဝေးမြို့နယ် နန္ဒင်းအိုင်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ကုလားပဲ၊ ဆားနှင့် ငါးပိများ ထောက်ပံ့ပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေး လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်း ကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင်လည်းကောင်း၊ ပဲခူး တိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် လည်းကောင်း ဘုန်းတော်ကြီးကျောင်း များ၊စာသင်ကျောင်းများ၊ဆေးရုံ၊ဆေးခန်း များ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်း နှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက် ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှား ပေးခြင်းအပါအဝင် အခြားလိုအပ်သည် များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံ ပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်း များတွင် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နှင့်ကျန်းမာရေးအသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင် ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ် လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း များ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူ များသည် လယ်ဝေးမြို့နယ် ရွှေတိုက်တန်း ကျေးရွာ စိန်ရတနာကျောင်းတိုက်နှင့် နန္ဒင်းအိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း များသို့ သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျေးရွာ များရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ် ခဲ့သည်။ ထို့နောက် ကျေးရွာများရှိ စာသင် ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်း များတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက် ပေးနေမှုများကိုကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ တောင်ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်း တွင် တောင်ငူမြို့နယ်အတွင်းရှိ ရေကြီးမှု ကြောင့် ဖြစ်ပေါ်ခဲ့သည့် အနောက်ဆင်ရွာ ကျေးရွာ၊ ရွှေလေးတောကျေးရွာအနီး တာတမံဆည်ပေါင်များ ကျိုးကျနေမှု အခြေအနေများ သွားရောက်ကြည့်ရှု စစ်ဆေးပြီးအဆိုပါကျေးရွာများရှိရေဘေး ရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ် သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူ များသည် တောင်ငူမြို့နယ်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွား ရောက်၍ ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ စားသောက်ဖွယ်ရာ များချက်ပြုတ်ကျွေးမွေးနေမှုတို့ကို ကြည့်ရှု အားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ် သည်။ ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိ သူများသည် တောင်ငူမြို့တွင်း စက်ယန္တရား ကြီးများဖြင့် သန့်ရှင်းရေးဆောင်ရွက်နေ မှုနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ တံတားများတွင် ပိတ်ဆို့နေသည့် အမှိုက် သရိုက်များကို ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ရေစီးရေလာ ကောင်းမွန်စေရေး သန့်ရှင်းရေးပြုလုပ်နေ မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် မြို့နယ်များ တွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ် ရေး အမြန်ပြန်လည်ကောင်းမွန်စေရန် အတွက် ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင် ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက် လျက်ရှိကြောင်းသတင်းရရှိသည်။ (၅၀၁)

# စင်ကာပူပြည်သူများက မြန်မာနိုင်ငံရေဘေးသင့်ဒေသခံပြည်သူများသို့ လှူဒါန်းသည့် အစားအစာနှင့်လူသုံးကုန်ပစ္စည်းများ ရန်ကုန်မြို့သို့စတင်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် မကြာသေးမီက မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီး ရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည့် ရေဘေးသင့်ဒေသများသို့ စင်ကာပူနိုင်ငံရှိ Singapore Sinhala Buddhist Association၊ Mahakaruna Buddhist Society နှင့် Willing Hearts လူမှုကူညီရေး အသင်းတို့က လူသားချင်းစာနာထောက် ထားမှုအကူအညီများအဖြစ် အာဟာရ ဖြည့်ဆန်အိတ်များ၊ လူကြီး၊ ကလေး အဝတ်အထည်များနှင့် ဂျာကင်၊ ဦးထုပ် နှင့် ဖိနပ်များ၊ အစားအစာများနှင့် ရေချိုးဆပ်ပြာ၊ ဆပ်ပြာတောင့် စသည့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်း ၁၀ တန် ပမာဏကို မြန်မာသံရုံး စင်ကာပူမြို့မှ တစ်ဆင့် လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းပစ္စည်းများကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက် အတွင်း စင်ကာပူမြို့မှ ရန်ကုန်မြို့သို့ ပျံသန်းပြေးဆွဲလျက်ရှိသော Myanmar National Airways (MNA) နှင့် Myanmar Airways International (MAI) လေကြောင်းလိုင်းများမှ ရေဘေးသင့် မြန်မာပြည်သူများ အကျိုးအတွက် အခမဲ့ သယ်ယူပို့ဆောင်ပေးမှုပြုခဲ့ပြီး စက်တင်ဘာ ၂၃ နှင့် ၂၄ ရက်တို့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပစ္စည်းပမာဏ နှစ်တန်ကျော် စတင် တင်ပို့ရောက်ရှိခဲ့သည်။

စင်ကာပူပြည်သူများက သက်ဆိုင်ရာ ပရဟိတအဖွဲ့အစည်းများမှ တစ်ဆင့် ပေးပို့လှူဒါန်းသည့်ပစ္စည်းများကို မြန်မာ နိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများရှိ ပြည်သူများ ထံသို့ ဆက်လက်ဖြန့်ဝေပေးပို့သွားမည် ဖြစ်သည်။

မြန်မာသံရုံး စင်ကာပူအနေဖြင့် စင်ကာပူနိုင်ငံရှိ Singapore Sinhala Buddhist Association Mahakaruna Buddhist Society နှင့် Willing Hearts အသင်းတို့နှင့် လက်တွဲ၍ မြန်မာနိုင်ငံ ရေဘေးသင့် ဒေသပြည်သူများသို့ လှူဒါန်းမှုများ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးအတွက် ပံ့ပိုးကူညီပေး လျက်ရှိပြီး မြန်မာနှင့် စင်ကာပူ နှစ်နိုင်ငံ ဆက်ဆံရေးတွင် အခြေခံအကျဆုံးသော အစိတ်အပိုင်းဖြစ်သည့် နှစ်ဖက်ပြည်သူ များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန် အလှန်အားပေးကူညီမှုများတိုးပွားစေရန် အားဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မတ္တရာမြို့နယ် ကုန်းတန်းလေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကုန်းတန်း လေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ များက သတင်းတု၊ သတင်းမှားများဖြင့် ဝါဒဖြန့်ဝေ နေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ကုန်းတန်းလေးရွာတွင် အကြမ်း ဖက်သမားများက ပြည်သူများကို ခြိမ်းခြောက်၍ အတင်းအဓမ္မဆက်ကြေးကောက်နေပြီး နေအိမ်အချို့ နှင့် ကျေးရွာအတွင်းရှိ အများပြည်သူအသုံးပြုလျက်ရှိ သည့် လမ်းများတွင် မိုင်းထောင်ထားရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏သတင်းပေးပို့မှုအရ လုံခြုံ ရေးတပ်ဖွဲ့ဝင်များက ပြည်သူများအန္တရာယ်မဖြစ်ပွား စေရေးအတွက် မိုင်းများအား သွားရောက်ရှင်းလင်း ဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက Drop ဗုံးများဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ ဗုံးသီးများသည် နေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲရာမှ လူနေ အိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရ သည်။

ယင်းဖြစ်စဉ်ကို တရားမဝင်ပြည်ဖျက်မီဒီယာများ က နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်နှင့် PDF အမည်ခံ အကြမ်းဖက်သမား များ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန် အတွက် မဟုတ်မမှန်လုပ်ကြံရေးသားခြင်းသာ ဖြစ်ပြီး ပြည်သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ် များ လျော့နည်းပပျောက်ပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် မိမိတို့နေထိုင်ရာ ပတ်ဝန်း ကျင်၌ အကြမ်းဖက်သမားများ၏ သတင်းများရရှိ ပါက နီးစပ်ရာလုံခြုံရေးတပ်စခန်းများကို လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း အသိပေးနှိုးဆော် အပ်ပါသည်။ (၅၀၁)





ဝတ္ထုတိုကလျာ

# အဖြူရောင်မုသား

ကနောင်(ပခန်းငြွေ)

**❖ဂုဏ်တော်ပွား၍ ပုတီးတစ်လုံးချတိုင်းမှာ အတွေးစိတ်ကကြီးစိုး၍ လာ၏။ ယူထားသည့်ရှစ်ပါးသီလထဲမှ "မုသာဝါဒ"ကံတစ်ပါးကျူးလွန်မိခဲ့ရလေပြီ။ ထိုသို့ ကျူးလွန်လိုက်ရပါသော်လည်း လွန်ကျူးသည့်အပြစ် သက်ရောက်မှုမြောက်၊ မမြောက်ကိုတော့ ကံတရားသည်သာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်မဟုတ်လား။ အကယ်၍များ ကံတရားကဆုံးဖြတ်ချက်ချသည့်အခါ ဒေါ်မြခင်၏"မုသာဝါဒ"စကားသည် မိခင်တစ်ဦး၏ သားသမီးအပေါ်ထားရှိသည့် မေတ္တာတရား၏ပြယုဂ် သို့မဟုတ် အနန္တဂိုဏ်းဝင်မိခင်တစ်ဦး၏ သားသမီးအတွက် ညာပြောခဲ့မိသည့် "အဖြူရောင်မုသား"ဟုပင် ဖြောင့်ချက်ပေးလိုပါတော့သည်။ ❖**

(၁)

ဒေါ်မြခင် သီလခံယူ၍ ဥပုသ်ကျောင်းမှပြန်လာတော့ အိမ်ထဲတွင် သမီးကြီးဖြစ်သူ ခင်အေး ရောက်နေသည်ကို တွေ့ရသည်။ မိခင်ဖြစ်သူ၏ ထဘီနှင့်အင်္ကျီများကို လျှော်သင့်တာလျှော်၍ ခေါက်သင့်တာကို ခေါက်လျက် သိမ်းဆည်းထားရှာ၏။

ခင်ပွန်းဖြစ်သူ ကိုလှဖေဆုံးကတည်းက သမီးကြီးဖြစ်သူ ခင်အေးက ရှိထမင်းရှိဟင်းလေးများကို မိခင်ဖြစ်သူစားဖို့ နေ့စဉ်လာပို့ရှာသည်။ ယခုလည်း ဥပုသ်နေ့မို့ သမီးကြီးခင်အေးတို့အိမ်တွင် နံနက်ခင်း ဆွမ်းခံကြွသော သံဃာတော်များကို ကြက်သားနှင့် ကုလားပဲချက်၍ လောင်းလှူသည်။ မိခင်ဖြစ်သူအတွက်လည်း ကြက်ပဲဟင်းတစ်ခွက် လာပို့ရှာ၏။

"အမေပြန်လာပြီလား။ သမီးတို့အိမ် ဥပုသ်နေ့ ဆွမ်းကုသိုလ်အတွက် ကြက်သားကုလားပဲချက်လို့ အမေ့အတွက် သမီးလာပို့တာ။ စားပွဲပေါ်မှာ တင်ထားတယ် အမေ"

"သာဓု သာဓု သာဓုပါ သမီးကြီးရယ်။ သမီးယောကျ်ား မောင်ဇော်ထွန်းရော မပါဘူးလား"

"သူ ကားထွက်သွားတာ ပြန်မလာသေးဘူးအမေရဲ့။ အမေ့အတွက် ရှမ်းပြည်လက်ဖက်ခြောက်ဝယ်လာဖို့ မှာထားတယ်။ ကုန်မပြည့်သေးလို့ ပြန်မလာရသေးတာ"

သမီးကြီးဖြစ်သူ ခင်အေးက ကုန်ကားမောင်းသည့် မောင်ဇော်ထွန်းနှင့်ရ၍ စားဝတ်နေရေးအဆင်ပြေရှာသည်။ ရှမ်းပြည်နှင့် မန္တလေးကို ကူးချည်သန်းချည်သွားလာရ၏။ တစ်ခေါက်တစ်ခေါက် ပြန်လာတိုင်း အိမ်နှင့် ယောက္ခမဖြစ်သူအတွက် ရှမ်းပြည်ဒေသထွက် အသီးအနှံများကို ဝယ်ယူလာတတ်သည်။ ဇနီးဖြစ်သူ ခင်အေးကိုလည်း အိမ်မှာနေစေ၍ ကလေးကျောင်းကြို၊ ကျောင်းပို့နှင့် အိမ်မှုကိစ္စလောက်သာ လုပ်စေသည်။ မိခင်ဖြစ်သူကို ခင်အေးတို့အိမ်တွင် လိုက်နေရန်ခေါ်သော်လည်း ဒေါ်မြခင်က ခင်ပွန်းဖြစ်သူ ခေါင်းချခဲ့သည့်အိမ်လေးကို မခွဲနိုင်၍ လိုက်မနေခဲ့။ ထို့ကြောင့် အားသည့်အချိန်လေးများ၌ ခင်အေးသည် ဆိုင်ကယ်လေးစီး၍ မနီးမဝေးရှိ အမေ့အိမ်လေးဆီသို့ မကြာမကြာ ရောက်ရောက်လာတတ်၏။ သမီးကြီးဖြစ်သူမို့ ငယ်စဉ်ကတည်းက ထီးပမာအားကိုးခဲ့ရသည့် ခင်အေးကိုကြည့်၍ သမီးငယ်ဖြစ်သူ ခင်ထွေးနှင့်များ ကွာပါ့ပါဟု ဒေါ်မြခင် တွေးနေမိသည်။

(၂)

ခင်ထွေးသည် သမီးအငယ်ဖြစ်ပြီး ခင်အေး အရင် အိမ်ထောင်ကျခဲ့သည်။ ကိုလှဖေ ရှိစဉ်ကတည်းက အထွေးဆုံးသမီးငယ်ဖြစ်သည်မို့ ပညာရေးကို ဆုံးခန်းတိုင်အောင် တက်စေချင်သည့်ဆန္ဒနှင့် ကျောင်းထားပေးခဲ့ပါသော်လည်း ခင်ထွေးသည် ပညာရေးကိုစိတ်မဝင်စားခဲ့ပေ။ ငယ်ရွယ်သူပီပီ နှလုံးသားကို ဦးစားပေးမိပြီး အတန်းဖော်ကျောင်းသားတစ်ဦးနှင့်ချစ်ကြိုက်မိကြ၍ မိဘများနှင့် ကျောင်းဆရာ၊ ဆရာမများက သွန်သင်ဆုံးမသော်လည်း ၁၉ နှစ်အရွယ်နှင့်ပင် အိမ်ထောင်ကျခဲ့ခြင်းဖြစ်သည်။ ငယ်ရွယ်သည့်လူငယ်ချင်းယူခဲ့ကြသဖြင့် အလုပ်အကိုင်မည်မည်ရရမရှိ။ ခင်ထွေးက စတိုးဆိုင်တွင် အလုပ်လုပ်ပြီး ယောကျ်ားဖြစ်သည့် မောင်မျိုးက ဆိုင်ကယ် ကယ်ရီဆွဲသည်။ အစပိုင်းမှာတော့ လင်မယားနှစ်ယောက်ထဲမို့ အဆင်ပြေသလိုရှိခဲ့ကြသော်လည်း နောက်ပိုင်းတွင် မောင်မျိုးသည် အရက်သောက်တတ်လာ၏။ ဘောလုံးပွဲများလည်း ညဉ့်နက်သန်းခေါင်ထိကြည့်ပြီး လောင်းကစားပါ လုပ်တတ်လာသည်။ လောင်းကြေးရှုံးလာသည့်အခါတိုင်း ခင်ထွေးကို ပိုက်ဆံမအပ်နိုင်ဘဲ အရက်တောင် အကြွေးယူသောက်လာတတ်လေ၏။

ထိုသို့သောက်ပြီး အရက်မူးလာလျှင် ခင်ထွေး စုဆောင်းထားတတ်သည့်ငွေလေးများကို တောင်းတတ်သည်။ ခင်ထွေးက လောင်းကစားလုပ်မည်စိုး၍ မပေးလျှင် ခင်ထွေးကို ဆဲဆိုကြိမ်းမောင်း၍ ကိုယ်ထိလက်ရောက်ရိုက်နှက်တတ်လာသည်။ တစ်ခါက ဆိုလျှင် ခင်ထွေးသည် မောင်မျိုးနှင့်ရန်ဖြစ်ပြီး မိဘအိမ်သို့ပြန်လာခဲ့သည်။ ကွဲမည်ကွာမည်ထိဖြစ်ခဲ့၏။ လူကြီးမိဘများ၏နားချမှုနှင့် မောင်မျိုးကလည်း ပြန်တောင်းပန်သောအခါ ခင်ထွေးသည် မောင်မျိုးနှင့် ပြန်ပေါင်းခဲ့၏။ ယခုဆို သမီးတစ်ယောက်၊ သားတစ်ယောက်ပင် ထွန်းကားခဲ့ပြီဖြစ်၏။ သို့သော် မောင်မျိုး၏အသောက်အစားနှင့်လောင်းကစားစရိုက်တို့ကတော့ ပျောက်ပျက်မသွား။ ရန်ဖြစ်လိုက်ပြန်ချစ်လိုက်နှင့် ခင်ထွေးတို့အဖြစ်သည် အဆင်မပြေမှုများနှင့် အသားကျနေခဲ့ပြီဖြစ်၏။ မကြီးပွားသော်လည်း မချမ်းသာသောဘဝအဖြစ်နှင့် ဖြတ်သန်းခဲ့ရသည်မှာ ၁၀ နှစ်ခန့်ပင်ရှိခဲ့ပြီဖြစ်၏။ ခင်ထွေးက နံနက်စောစောထ၍ ရပ်ကွက်တကာလှည့်၍ ပဲပြုတ်ရောင်းသည်။ မောင်မျိုးက ကယ်ရီဆွဲ၏။ ကလေးနှစ်ယောက်၏ ကျောင်းစရိတ်၊ ကျူရှင်စရိတ်နှင့်မို့ ငွေပိုငွေလျှံ စုမိဆောင်းမိသည်ရယ်လို့မရှိဘဲ ရရစားစားဘဝနှင့်ပင် နေ့စဉ်ကုန်ဆုံးနေရ၏။ ထို့ကြောင့် သမီးငယ်ဖြစ်သည့် ခင်ထွေးထံမှ ထောက်ပံ့မှုရယ်လို့ လက်ဖက်တစ်ရိုး၊ ကြံတစ်ချိုးမျှပင် ဒေါ်မြခင်မခံစားခဲ့ရ။ ဒေါ်မြခင်ကလည်း ပေးပါ၊ ကျွေးပါရယ်ဟု မမျှော်လင့်သည့်အပြင် သမီးနှင့်မြေးတွေ အဆင်ပြေစေဖို့သာ မျှော်လင့်မိသည်။ မြေးတွေနှင့် တစ်ခါတစ်ရံအိမ်လာလည်သည့်အခိုက်တွင် ချက်ထားတာကိုစားစေပြီး ရှိတာလေးကိုပင် သမီးငယ်ပြန်လျှင် ထည့်ပေးလိုက်တတ်၏။ ခင်အေးကလည်း အစ်မကြီးအမိအရာပီပီ ညီမလေးအပေါ်ကောင်းရှာပါသည်။ အဝတ်အထည်နှင့်စားစရာကအစ ရံဖန်ရံခါပေးရှာသည်။ ခင်ထွေးကတော့ အစ်မကြီးပေးသည့်အဝတ်အထည်တွေကို တချို့ဝတ်ပြီး ကောင်းသည့်အဝတ်အထည်တွေကို ပိုက်ဆံပြတ်သည့်အခါ ပေါင်စားတတ်သည်။ ခါးလှဖို့ထက် ဝမ်းဝဖို့က ခင်ထွေးအတွက်အရေးကြီး၏။ သမီးကြီးဖြစ်သူ ခင်အေးပြန်သွား၍ မကြာမီ အိမ်ရှေ့လမ်းမဆီမှ သမီးငယ်ဖြစ်သူ ခင်ထွေး၏အသံကို အိမ်ထဲမရောက်ခင်ထဲက ဒေါ်မြခင် ကြားလိုက်ရသည်။

(၃)

"အမေရေ အမေ"

ခင်ထွေး၏ အော်ခေါ်သည့်အသံကြောင့် ဒေါ်မြခင် အိမ်ရှေ့သို့ထွက်လာခဲ့သည်။

"အမေရှိပါတယ် သမီးရယ်"

"အိမ်ရှေ့မှာ အမေ့ကိုမမြင်လို့ အော်ခေါ်နေမိတာ အမေရေ"

ခင်ထွေးသည် အဝတ်ထုပ်ကိုခေါင်းပေါ်ရွက်ထားပြီး ကလေးနှစ်ယောက်ကိုဆွဲခေါ်၍ အိမ်ထဲဝင်လာသည်။ အခြေအနေကိုကြည့်၍ ခင်ထွေးတော့ ကလေးတွေနှင့်အတူ အိမ်ပေါ်မှဆင်းလာပြန်ပြီဟု ဒေါ်မြခင် သဘောပေါက်လိုက်ပြီဖြစ်၏။ မြေးအကြီးလေးက ဘွားဘွားဟုခေါ်ပြီး ပြေးလာသည်။ ခင်ထွေးက ခေါင်းပေါ်က အဝတ်ထုပ်ကြီးကိုချလိုက်ပြီး သူတို့၏အိမ်ထောင်ရေးပဋိပက္ခအကြောင်းကိုပြောဖို့ အစပျိုးလာသည်။ ဒေါ်မြခင်ကလည်း သမီးဖြစ်သူခင်ထွေး ပြောလာမည့်အိမ်ထောင်ရေးပြဿနာများကို သိလိုသည်မို့ နားစွင့်ရင်း ခင်ထွေးကို ကြည့်နေမိသည်။

"ပြော မပြောချင်ပါဘူး အမေရယ်"

"ဘာဖြစ်လာရပြန်တာတုံး သမီးရယ်"

"အမေ့သမက်ပေ့ါ ဆိုင်ကယ်ကိုပေါင်ပြီး ဘောလုံးပွဲလောင်းတာ ရှုံးသတဲ့လေ။ ဒီလကုန်လို့မှ မရွေးနိုင်ရင်ဆုံးမှာ။ အခု မနက်စောစောစီးစီး ရန်ဖြစ်စကားများပြီး အမေ့ဆီထွက်လာခဲ့ရတယ်"

"ညည်းယောကျ်ားကလဲ မိုက်လုံးကြီးပါလား ကွယ်။ ကလေးတွေနဲ့ စားဝတ်နေရေးက ရှိသေး။ အင်း ဒုက္ခ ဒုက္ခ"

ဒေါ်မြခင်တစ်ယောက် သမီးနှင့်မြေးတွေရှေ့ရေးကိုတွေးလျက် ရတက်မအေးဖြစ်ရခဲ့လေပြီ။ သမီးငယ်ခင်ထွေးမှာလည်း လင်ဆိုးမယားတဖားဖားဆိုသလို အိမ်ထောင်ရေးမပြေလည်သည့်ဒဏ်တွေကို ခံစားနေရရှာ၏။ သမီးကြီးခင်အေးအတွက် စိတ်မပူရသော်လည်း ကလေးနှစ်ယောက်နှင့် သမီးငယ်ဖြစ်သူခင်ထွေး အတွက်ကိုတော့ တွေးမိတိုင်းစိတ်ပူပင်ရသည်။ အခုပဲကြည့် သမက်ဖြစ်သူက သည်ဆိုင်ကယ်လေးနှင့်

စာမျက်နှာ ၂၆ သို့ ➤

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၇၉၄ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၇၉၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၀၀၀၊ ကနီမြို့နယ်တွင် ၁၀၀၉၄ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၈၇၀၀၊ ပုလဲမြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်း ၃၂၇၉၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြေပဲ စိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက မြေပဲ တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ငါးကြင်းပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် သြဂုတ်လအတွင်း ငါးကြင်း ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးကြင်းပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးကြင်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာခြင်းကြောင့် တင်ပို့အားကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ညောင်တုန်းမြို့နယ်က ငါးကြင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေတာကြောင့် တင်ပို့ရောင်းချအားကောင်းလာတာပါ။ ညောင်တုန်းဈေးကွက်က ငါးကြင်းတွေကို ပြီးခဲ့တဲ့ သြဂုတ်လပထမပတ်လောက်ကတည်းက အရောင်းအဝယ်ကောင်းခဲ့တာပါ။ အခြားငါးတွေလဲ ဝယ်ယူမှု ကောင်းလာတယ်လို့ သိရပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၅ မှအဆက်**

ကယ်ရီဆွဲ၍ ငွေရှာရမှန်းသိပါလျက်နှင့် ဆိုင်ကယ်ကိုပေါင်၍ လောင်းကစားလုပ်သည်။ ရှေ့လျှောက်ဘယ်လိုများ လုပ်ကိုင်စားသောက်ကြပ့်မယ်မသိ။ အသိတရားမရှိ မိုက်လုံးကြီးသည့်သမက်ဖြစ်သူ မောင်မျိုး အကြောင်းတွေးရင်း မြေးလေးတွေကိုကြည့်တော့ မြေးအကြီးလေးက သူ့အမေကို တဂျီဂျီကိုင်လှုပ်၍ ဗိုက်ဆာကြောင်းပြောနေရှာသည်။

"မေမေ သားသားဗိုက်ဆာတယ်"

ကလေးက ဗိုက်ဆာသည်ဆိုတော့ ခင်ထွေးက မိခင်မျက်နှာကို တစ်ချက်ကြည့်ပြီးမေးသည်။

"အမေ အမေ့မြေးက ဗိုက်ဆာလို့တဲ့ အိမ်မှာဘာရှိလဲ"

"ညည်းဘာသာ မီးဖိုခန်းစားပွဲပေါ်သွားကြည့်ပြီး ရှိတာကျွေးလိုက်ပေ့ါအေ။ ငါ့မြေးလေး ဗိုက်ဆာနေရှာရဲ့"

ဒေါ်မြခင် စကားပင်မဆုံးလိုက် ခင်ထွေးက မီးဖိုခန်းသို့ရောက်၍ အုပ်ဆောင်းပင်ဖွင့်၍ပြီးနေပြီ။ သမီးကြီးခင်အေး လာပို့ထားသည့် တစ်နပ်စာ၊ ထမင်းတစ်ပန်းကန်နှင့် ကြက်ပဲပဲဟင်း၊ သရက်ချဉ်သုပ်၊ ငရုတ်သီးကြော်တို့ကိုတွေ့သောအခါ ခင်ထွေးဗိုက်ကပါ တဂွီဂွီနှင့် အစာကိုတောင်းဆို၍လာ၏။

"အမေ အမေကရော စားပြီးသွားပြီလား"

"အမေ ဥပုသ်စောင့်ရင်း ကျောင်းက မုန့်ဟင်းခါးကျွေးလို့စားလာတာမို့ ဗိုက်မဆာပါဘူးကွယ်။ သမီးနဲ့မြေးလေးတွေပဲ စားကြပါ။ ညည်းကလေးတွေနဲ့ လောက်မယ်လဲမထင်ပါဘူး။ ဟို ဘုရားဆွမ်းတော်ကပ်ထားတာကိုပါ ဆွမ်းတော်ချပြီးစားလိုက်ကြ။ အမေလဲ ပုတီးစိပ်လိုက်အုံးမယ်"

သမီးငယ်ခင်ထွေး စိတ်မကောင်းဖြစ်မည်စိုး၍ စိတ်ဖြောင့်ဖြောင့်စားပါစေဆိုပြီး "စားပြီးပြီ"ဟု လိမ်ညာ၍ပြောလိုက်ရပါသော်လည်း တကယ်တော့ ဒေါ်မြခင် မစားရသေးသည်ကို ဒေါ်မြခင်သာသိသည်။ ဂုဏ်တော်ပွား၍ ပုတီးတစ်လုံးချတိုင်းမှာ အတွေးစိတ်က ကြီးစိုး၍လာ၏။ ယူထားသည့်ရှစ်ပါးသီလထဲမှ "မုသာဝါဒ"ကံတစ်ပါး ကျူးလွန်မိခဲ့ရလေပြီ။ ထိုသို့ ကျူးလွန်လိုက်ရပါသော်လည်း လွန်ကျူးသည့်အပြစ် သက်ရောက်မှုမြောက်၊ မမြောက်ကိုတော့ ကံတရားသည်သာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်မဟုတ်လား။ အကယ်၍များ ကံတရားက ဆုံးဖြတ်ချက်ချသည့်အခါ ဒေါ်မြခင်၏ "မုသာဝါဒ"စကားသည် မိခင်တစ်ဦး၏ သားသမီးအပေါ်ထားရှိသည့် မေတ္တာတရား၏ပြယုဂ်သို့မဟုတ် အနန္တဂိုဏ်းဝင်မိခင်တစ်ဦး၏ သားသမီးအတွက် ညာပြောခဲ့မိသည့် "အဖြူရောင်မုသား"ဟုပင် ဖြောင့်ချက်ပေးလိုပါတော့သည်။

## တစ်သားတည်းညီ ထိုချစ်ခြင်း

\- တစ်ဦးဝယ် သောကပိုက်လို့
ဒုက္ခဆိုက် ကြုံတဲ့ခါ၊
ကရုဏာ ခြုံကာသိုင်း
ကျောခိုင်းမနေသာ၊
လူသားချင်း ကိုယ်ချင်းစာ
ထွေးဖက်ကာ စဉ်တစိုက်၊
မပစ်မပယ်
အချစ်သွယ် ဖေးမကြ
မြန်မာ့စရိုက်။

\- ပြည်လူ့ဘောင် လူမှုဒုက္ခများ
ဆိုက်ရောက်ရ ကြုံတိုင်းဝယ်၊
တစ်ဦးမေတ္တာ တစ်ဦးဟပ်
ပေးဆပ်ရည်ရွယ်၊
"ပရဟိတ ချစ်ကြိုးသွယ်"
အပြုံးချင်းလှယ် ဖြေသိမ့်ပေး၊
မရှောင်မဖယ်
အမှောင်ကွယ် နွမ်းသမျှတွေ
နိုးထငြိမ်းအေး။

\- အဖြူထည် မေတ္တာတရားနဲ့
စေတနာထား မြင်ကွင်းတွေ၊
တကယ်ဆုံ တကယ်ကြုံကြခိုက်
တွေ့ရပြီလေ၊
ဇောရိပ်များ လွင့်ပြယ်စေ
"မေတ္တာစစ်တွေ" အံ့မခန်း၊
ဖြည့်ဆည်းကြ ညီညာပေ
"စေတနာစစ်တွေ" ထင်ဟပ်လွှမ်း၊
အရေးကြုံလာ
သွေးဆုံကာ မားမားရပ်လို့
မွန်မြတ်စွာ အမျိုးမှန်ရှန်းထခြင်းတွေနဲ့
အရိုးခံ နှလုံးလှအဆင်းတွေက
သင်းမြကြူ မြန်မာ့ဟန်သရုပ်ကို
"စံ"ထုတ်ကာ ဂုဏ်ရည်မွှေးစေခဲ့
သွေးစကားရယ် အလေးထားလျက်သာပဲ
တစ်သားတည်းညီ ထိုချစ်ခြင်း
ဖြန့်ခင်းလက်ကမ်း။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

(ရေကြီးရေလျှံ သဘာဝဘေးဖြစ်စဉ်များတွင် အင်တိုက်အားတိုက် ပါဝင်လှုပ်ရှားစွမ်းဆောင်လျက်ရှိနေကြသည့် ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူအပေါင်းသို့ ဂုဏ်ပြုလျက်)

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၅၀၅၀ စိုက်ပျိုးမည်


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၅၀၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၅၀၅၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ နှမ်းဧက ၂၅၀၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်၌ ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးထံမှ သိရသည်။

(၂၀၆)

# လင်းခေးမြို့နယ် နမ့်တုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**လင်းခေး စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်တုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်ဖြစ်ထွန်းမှုရှိမရှိအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နန်းနု၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ရီရီလွင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက နမ့်တုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များကိုယ်တိုင် ရေးသွင်းထားသော စာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှုရှိမရှိ တိုက်ဆိုင်စစ်ဆေးခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်ဖြစ်ထွန်းမှုရှိမရှိအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နမ့်တုတ်ကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို ငွေကျပ် ၄၆ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကကတစ်ငါးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ စက်တင်ဘာ ၂၄**

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကကတစ်ငါးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကကတစ်ငါးပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ကကတစ်ငါးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကကတစ်ငါးတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၂၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လထဲမှာ ကကတစ်ငါးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ တင်ပို့ရောင်းချမှုကောင်းခဲ့တာပါ။ ကကတစ်ငါးအပါအဝင် အခြားရေထွက်ကုန်တွေလဲ အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်"ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

အဆိုပါ ကကတစ်ငါးများသည် ပုံမှန်အားဖြင့် ခန္ဓာကိုယ်အလျား ၂၅ မှ ၁၀၀ စင်တီမီတာအတွင်းရှိပြီး အကြီးဆုံးမှာ စင်တီမီတာ ၂၀၀ ထိရှိကြောင်း၊ ကကတစ်ငါးများကို ရေချိုတွင်လည်းကောင်း၊ ရေချိုရေငန်စပ်တွင်လည်းကောင်း၊ ရေငန်တွင်လည်းကောင်း စီးပွားဖြစ် မွေးမြူကြပြီး မြေကန်များနှင့် မြစ်ချောင်းများတွင် မွေးမြူကြကြောင်း၊ အဆိုပါ ကကတစ်ငါးများကို သုံးလက်မ သို့မဟုတ် လေးလက်မအရွယ်မှ စတင်မွေးမြူပါက ခုနစ်လအကြာတွင် ပျမ်းမျှ ၇၅၀ ဂရမ်သို့ ရောက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# သာစည်မြို့နယ် ရုံးတောကျေးရွာ၌ VDP လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သာစည် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ညောင်တိုကျေးရွာအုပ်စု ရုံးတောကျေးရွာ၌ VDPလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရုံးတောကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း၊ ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရုံးတောကျေးရွာ၌ အရှည်ပေ ၅၂၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅၆၀၀၀၀ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များမှဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ညောင်လေးပင်မြို့နယ် ဖိုးတုပွံ့ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်လေးပင် စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ(VRFP)စီမံကိန်းဝင်ကျေးရွာဖြစ်သည့် ဖိုးတုပွံ့ကျေးရွာ၌ ပဉ္စမအကြိမ် စီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်းကိုစက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အသေးစားကုန်ထုတ်လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ညောင်လေးပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဖိုးတုပွံ့ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို VRFP စီမံကိန်းမတည်ရန်ပုံငွေကျပ် ၄၁၈ သိန်းကို ထုတ်ချေးခဲ့ကြောင်း ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မောင်ခိုင်**

# တရုတ်-အာဖရိက ထိပ်သီးဆွေးနွေးပွဲနှင့် အနာဂတ်ဆက်ဆံရေးအလားအလာ

တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိုးကြိမ်မြောက်ဖိုရမ်(FOCAC)ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက်မှ ၆ ရက်ထိ တရုတ်နိုင်ငံ ပေကျင်းမြို့၌ပြုလုပ်ခဲ့ရာ တရုတ်-အာဖရိက ဆက်ဆံရေး၏ တိုးတက်ပြောင်းလဲလာမှုများကို မီးမောင်းထိုးပြသနိုင်ခဲ့သည်။ ထိပ်သီးဆွေးနွေးပွဲသည် နက်ရှိုင်းသောဆက်ဆံရေးကို ပြသလျက်ရှိပြီး အပြန်အလှန်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်များနှင့် စိန်ခေါ်မှုများကိုလည်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ကြွေးမြီများနှင့် စီးပွားရေးဆိုင်ရာအားနည်းချက်များရှိနေသော အာဖရိကနိုင်ငံများသည် ကြွေးမြီသက်သာရေးအတွက် လိုအပ်ချက်၊ စဉ်ဆက်မပြတ်ဘဏ္ဍာငွေထောက်ပံ့မှုနှင့် ရေရှည်ခံသောဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်သော ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်သောအသံများထွက်ခဲ့သည်။ အာဖရိကနိုင်ငံများသည် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်ခန့်ထားမှုနှင့်စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော အရေးပါသည့်နယ်ပယ်များကို အလေးထားရေးအတွက် တောင်းဆိုခဲ့သည်။ တရုတ်နိုင်ငံသည် အာဖရိကတိုက်တွင် လွှမ်းမိုးမှုချဲ့ထွင်လာလျက်ရှိသောကြောင့် အချုပ်အခြာအာဏာနှင့် စီးပွားရေးဆိုင်ရာတည်ငြိမ်မှုတို့နှင့် အပြန်အလှန်အကျိုးစီးပွားများ ဟန်ချက်ထိန်းညှိခြင်းသည် ဖိအားပိုမိုဖြစ်ပေါ်လာလျက်ရှိသဖြင့် အလားအလာကောင်းများနှင့် စိန်ခေါ်မှုများပြည့်နေသောဆက်ဆံရေးကို ထင်ဟပ်ပေါ်လွင်လျက်ရှိသည်။

၂၀၂၄ ခုနှစ် (FOCAC) ထိပ်သီးဆွေးနွေးပွဲသည် တရုတ်-အာဖရိကဆက်ဆံရေးပုံမှန်ဖြစ်စေရန် ၂၀၀၀ ပြည့်နှစ်တွင်ထူထောင်ခဲ့သော မဟာဗျူဟာမြောက်ဆက်ဆံရေး ဆက်လက်အကောင်အထည်ဖော်မှုပင်ဖြစ်သည်။ ယခုနှစ် ထိပ်သီးဆွေးနွေးပွဲသို့ အာဖရိကနိုင်ငံ ၅၃ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အာဖရိက ၅၁ နိုင်ငံသည် (FOCAC) ထိပ်သီးဆွေးနွေးပွဲတက်ရောက်ရန် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲများ စေလွှတ်ခဲ့ပြီး ကျန်အာဖရိကနှစ်နိုင်ငံသည် နိုင်ငံသမ္မတ၏ ကိုယ်စားလှယ်များ စေလွှတ်ခဲ့သည်။ အာဖရိကသမဂ္ဂကော်မရှင်ဥက္ကဋ္ဌလည်း တက်ရောက်ခဲ့သဖြင့် အာဖရိကတစ်ဝန်းတွင် ပူးပေါင်းဆောင်ရွက်မှုနှင့်အပြန်အလှန်ချိတ်ဆက်မှုမြှင့်တင်ရာ၌(FOCAC)၏အရေးပါမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ထိပ်သီးဆွေးနွေးပွဲခေါင်းစဉ်ဖြစ်သည့် "ခေတ်မီတည်ဆောက်မှုအဆင့်မြှင့်တင်ခြင်းနှင့် အနာဂတ်မျှဝေခံစားခြင်း"သည် တရုတ်-အာဖရိက ချစ်ကြည်ရင်းနှီးမှုခေတ်မီတိုးတက်ရန်နှင့်တောင့်တင်းခိုင်မာရေးမျှဝေသွားမည့်ရည်မှန်းချက်ကို မီးမောင်းထိုးပြသလျက်ရှိသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် အထူးဧည့်သည်တော်အဖြစ်တက်ရောက်မှုနှင့်အတူ ထိပ်သီးဆွေးနွေးပွဲသည် မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံ၏ အရေးပါသောသံခင်းတမန်ခင်း ထိတွေ့ဆက်ဆံမှုအဖြစ် ထူးခြားလေးနက်မှုကို ပြသလျက်ရှိသည်။

ထိပ်သီးဆွေးနွေးပွဲ၌ အာဖရိကတစ်ဝန်းရှိ အခြေခံအဆောက်အအုံစီမံကိန်း ၃၀ အတွက် ထောက်ပံ့ကူညီခြင်းအပါအဝင် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၅၁ ဘီလီယံထည့်ဝင်သွားမည့် တရုတ်သမ္မတရှီကျင့်ဖျင်၏ကတိကဝတ်သည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမြှင့်တင်ရန် ရည်မှန်းထားသည့် ထင်ရှားသောဘဏ္ဍာရေးဆိုင်ရာ ကတိကဝတ်တစ်ရပ်ပင်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးဆိုင်ရာဖိအားများကြောင့် ပြည်တွင်း၌ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများလျှော့ချနေသည့်အချိန်တွင် အဆိုပါကတိကဝတ်ပေါ်ထွက်လာခြင်းဖြစ်သည်။ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများရှိနေသည့်အပြင် စီးပွားရေးအကျိုးကျေးဇူးများနှင့် ကျယ်ပြန့်သောပထဝီနိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်များကြောင့် အာဖရိကတွင် တရုတ်နိုင်ငံ၏ ထိတွေ့ဆက်ဆံမှု ဆက်လက်တည်ရှိနေခြင်းဖြစ်သည်။




တရုတ်နိုင်ငံသည် ၂၀၀၉ ခုနှစ်ကတည်းက အာဖရိက၏ အကြီးမားဆုံးကုန်သွယ်ဖက်အဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၂၃ ခုနှစ်တွင် တရုတ်-အာဖရိက ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၈၂ ဘီလီယံရှိခဲ့သည်။ ထို့ပြင် အာဖရိကသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(BRI)တွင် အရေးပါသောမိတ်ဖက်အဖြစ် ရပ်တည်လျက်ရှိပြီး လွန်ခဲ့သောဆယ်စုနှစ်အတွင်း BRI နှင့်ဆက်နွှယ်သောအခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာဘီလီယံ ၁၂၀ကျော်ရှိသည်။

၂၀၂၄ ခုနှစ် ထိပ်သီးဆွေးနွေးပွဲသည် လာမည့် သုံးနှစ်အတွင်း တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် လုပ်ငန်းစီမံကိန်း ထူထောင်ရန် ရည်မှန်းထားရှိပြီး နိုင်ငံတော်အုပ်ချုပ်မှု၊ စက်မှုလုပ်ငန်းထူထောင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်း အဆင့်မြှင့်တင်မှုတို့ကဲ့သို့သော နယ်ပယ်များတွင် အလေးထားလုပ်ဆောင်သွားမည်ဖြစ်သည်။ ၎င်းလုပ်ငန်းစီမံကိန်းသည် အနာဂတ်မျှဝေသွားမည့် တရုတ်-အာဖရိက အသိုက်အဝန်းမြှင့်တင်တည်ဆောက်သွားသည့် တရုတ်နိုင်ငံ၏ လက်ရှိကြိုးပမ်းအားထုတ်မှုများကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ သို့သော် အဆိုပါရည်မှန်းချက်များသည် သိသာထင်ရှားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

အာဖရိကတွင် တရုတ်နိုင်ငံ၏ ထိတွေ့ဆက်ဆံမှုသည် ၁၉၅၀ ပြည့်လွန်နှစ်များတွင် အာဖရိကနိုင်ငံများကို ကိုလိုနီတော်လှန်ရေးလှုပ်ရှားမှုများတွင် ထောက်ပံ့ကူညီခဲ့သည့်အချိန်ကတည်းကစတင်ခဲ့ပြီး အာဖရိကနိုင်ငံများနှင့် အပြန်အလှန်ကုန်သွယ်မှုနှင့် ကောင်းမွန်သောဆက်ဆံရေးများ ထူထောင်နိုင်ခဲ့သည်။ လွန်ခဲ့သောနှစ်များအတွင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လာခဲ့ရာ တရုတ်နိုင်ငံသည် ၂၀၀၁ ခုနှစ်ကတည်းက အခြေခံအဆောက်အအုံ၊ ကုန်သွယ်မှုမိတ်ဖက်ဆက်ဆံမှုနှင့် စက်မှုလုပ်ငန်းများ ထူထောင်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၉၀ ကျော် ထောက်ပံ့ထားပြီးဖြစ်သည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုများသည် အာဖရိကနိုင်ငံများစွာကို အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။

အာဖရိကနိုင်ငံများသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)နှင့် ကမ္ဘာ့ဘဏ်(WB)တို့ထက် တရုတ်နိုင်ငံထံမှချေးငွေကိုသာ ပိုမိုရယူသွားလိုသောဆန္ဒရှိနေသည်။ IMF နှင့် WB တို့သည် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကြိုတင်သတ်မှတ်ချက်များနှင့်သာ ချေးငွေထုတ်ပေးလေ့ရှိသည်။ သို့သော် တရုတ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ချေးငွေများထုတ်ပေးကာ အကြွေးထောင်ချောက်စနစ် ဆင်နေသည်ဆိုသောစွပ်စွဲချက်များ ထွက်ပေါ်လာခဲ့သည်။

တရုတ်နိုင်ငံကမူ ၎င်း၏ချေးငွေများသည်နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်းနှင့် ချေးငွေရယူထားသောနိုင်ငံများတွင် ပြည်တွင်းစီမံခန့်ခွဲမှုညံ့ဖျင်းသောကြောင့်သာလျှင် အကြွေးပြန်ဆပ်ရန်ပျက်ကွက်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကြွေးမြီအမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံပြန်ဆပ်ရန် ပျက်ကွက်ခဲ့သည့် ဇမ်ဘီယာနှင့် ၂၀၂၂ ခုနှစ် ကြွေးမြီအမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ပြန်ဆပ်ရန်ပျက်ကွက်ခဲ့သည့် ဂါနာနိုင်ငံတို့ကဲ့သို့သော အာဖရိကနိုင်ငံများ၏ ကြွေးမြီပြန်ဆပ်ရန်ပျက်ကွက်မှုများကြောင့် တရုတ်နိုင်ငံအနေဖြင့် ချေးငွေထပ်မံထုတ်ချေးပေးရန် စိုးရိမ်ပူပန်လာခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် အကြီးစားစီမံကိန်းများထက် အသေးစားစီမံကိန်းများတွင်သာ ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်လာခဲ့သည်။ သို့သော် ကင်ညာနိုင်ငံအပါအဝင် အာဖရိကနိုင်ငံများသည် အရေးပါသော အခြေခံအဆောက်အအုံများ အပြီးသတ်နိုင်ရေးအတွက် တရုတ်နိုင်ငံက ချေးငွေရရှိရန် ကြိုးပမ်းရလျက်ရှိသည်။

သို့သော် အာဖရိကနိုင်ငံများသည် တရုတ်နိုင်ငံ၏ ချေးငွေသတ်မှတ်ချက်များနှင့် တရုတ်နိုင်ငံက ရန်ပုံငွေထူထောင်ထားသည့် စီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်လျက်ရှိပြီး ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် ဒီမိုကရက်တစ်မူဝါဒများအပေါ် တရုတ်နိုင်ငံ၏ တုံ့ပြန်မှုနှင့်စပ်လျဉ်း၍လည်း မေးခွန်းများ ထွက်ပေါ်လာလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ဘဏ္ဍာငွေထောက်ပံ့မှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုများအပါအဝင် အာဖရိကနိုင်ငံများစွာကို သိသာထင်ရှားသည့် အကျိုးဖြစ်ထွန်းမှုများ ဖြစ်ပေါ်စေလျက်ရှိသော်လည်း စိန်ခေါ်မှုများနှင့်မှီခိုအားထားနေရမှုများကိုလည်း ဖြစ်ပေါ်စေလျက်ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ် (FOCAC) ထိပ်သီးဆွေးနွေးပွဲ၌ အနောက်နိုင်ငံများ၏ သားကောင်ဖြစ်ခဲ့သော အာဖရိကကို စည်းလုံးမှုရှိစေရန် အလေးထားပြောကြားခဲ့သည်။

(FOCAC) ထိပ်သီးဆွေးနွေးပွဲသည် တရုတ်နှင့် အာဖရိကတို့က ၎င်းတို့၏ဆက်ဆံရေးကို ထုတ်ပြန်ရန်နှင့် စိုးရိမ်ပူပန်မှုများဖြေရှင်းရန် အခွင့်အလမ်းတစ်ရပ်ပေးခဲ့သည်။ ထိပ်သီးဆွေးနွေးပွဲ၌ သဘောတူညီချက်များနှင့် ကတိကဝတ်များရရှိခဲ့သည်။ အခြားတစ်ဖက်တွင်လည်း နှစ်ဖက်စလုံးသည် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းရန်နှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်ဆန္ဒရှိကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် အာဖရိက၏ ဖွံ့ဖြိုးတိုးတက်မှုတွင်ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားသောကြောင့် BRI မှတစ်ဆင့် အစိုးရစီမံခန့်ခွဲမှု၊ စက်မှုလုပ်ငန်းထူထောင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအဆင့်မြှင့်တင်ခြင်းနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် အလေးထားလုပ်ဆောင်လျက်ရှိသည်။ အပြန်အလှန်အားဖြင့် အာဖရိကခေါင်းဆောင်များသည် တရုတ်နိုင်ငံ၏ ထောက်ပံ့ကူညီမှုကို ကြိုဆိုခဲ့သည်။

သို့သော် ထိပ်သီးဆွေးနွေးပွဲကာလ၌ မကျေနပ်သည့်လေသံများလည်း ထွက်ခဲ့သည်။ အထူးသဖြင့် အာဖရိကခေါင်းဆောင်တချို့က ကုန်သွယ်မှုကွာဟချက်၊ တရုတ်ချေးငွေများ၏ သတ်မှတ်ချက်များနှင့် တရုတ်စီမံကိန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများအပေါ် စိုးရိမ်ပူပန်မိကြောင်း ပြောဆိုခဲ့ကြသည်။ ထို့ကြောင့် အနာဂတ် တရုတ်-အာဖရိကဆက်ဆံရေးသည် အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားကာ အာဖရိကအချုပ်အခြာအာဏာကို လေးစားပြီး ရေရှည်ဖွံ့ဖြိုးမှုခိုင်မာအားကောင်းစေမည့် သဘောတူညီမှုမိတ်ဖက်ဆက်ဆံရေးထူထောင်မှုတို့အပေါ်တွင် မူတည်လျက်ရှိသည်။

ဆိုရလျှင် ၂၀၂၄ ခုနှစ် (FOCAC) ထိပ်သီးဆွေးနွေးပွဲသည် တရုတ်-အာဖရိကဆက်ဆံရေးတွင် အလှည့်အပြောင်းဖြစ်ပေါ်လာမည့်အလားအလာကို ထင်ဟပ်စေလျက်ရှိသည်။ နှစ်ဖက်စလုံးအနေဖြင့် အချုပ်အခြာအာဏာ၊ စီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် စိုးရိမ်ပူပန်မှုဖြင့် ၎င်းတို့၏ အပြန်အလှန်အကျိုးစီးပွားကို ဟန်ချက်ထိန်းညှိရန် ကြိုးပမ်းလျက်ရှိသောကြောင့် မိတ်ဖက်ဆက်ဆံရေးသည် သဘောတူညီမှုရှိပြီး အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေသော ဆက်ဆံရေးသို့ တိုးတက်ပြောင်းလဲသွားနိုင်မလား သို့တည်းမဟုတ် ရှုပ်ထွေးမှုများနှင့် ကန့်သတ်ချက်များကြောင့် တိုးတက်မှုဖော်ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်နေမည်လားဆိုသောအချက်ကိုမူ ဆက်လက်စောင့်ကြည့်သွားရတော့မည်ဖြစ်ပေသည်။

**ကိုးကား**

- **China–Africa Summit 2024:The Octopus' Embrace by The Diplomat.**

**ဝင်းဇင်(သုတေသန)**

## ဂျပန်နိုင်ငံ အိုင်ဇူကျွန်း၌ ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး အသေးစားဆူနာမီလှိုင်းဖြစ်ပေါ်ခဲ့



**တိုကျို စက်တင်ဘာ ၂၄**

ဂျပန်နိုင်ငံ အိုင်ဇူကျွန်း၌ ယနေ့တွင် ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်နောက်ဆက်တွဲအဖြစ် အသေးစားဆူနာမီလှိုင်းဖြစ်ပေါ်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့သော်လည်း မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းကြောင့် အခြေခံ အဆောက်အအုံတချို့ ပျက်စီးခဲ့ပြီး လူနေအိမ်ခြေတချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

"မြေငလျင်လှုပ်ခတ်မှုကြောင့် အသေးစားဆူနာမီလှိုင်းဖြစ်ပေါ်ခဲ့ပါတယ်။ နောက်ထပ် ဆူနာမီလှိုင်းဖြစ်ပေါ်လာနိုင်ပါတယ်။ နောက်ထပ် ဆူနာမီလှိုင်းဖြစ်ပေါ်လာရင်တော့ ဆူနာမီလှိုင်းပမာဏ ပိုကြီးနိုင်ပါတယ်။ ဆူနာမီလှိုင်းထပ်မံဖြစ်ပေါ်လာခဲ့ရင် အိုင်ဇူကျွန်းကနေ တောင်ဘက်ပိုင်းရှိ အိုဂါဆာဝါရာ ကျွန်းထိ ဆူနာမီလှိုင်းရောက်ရှိသွားနိုင်တယ်"ဟု JMA မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိုင်ဇူကျွန်းသည် လူနေအိမ်ခြေကျဲသည့်အတွက်ကြောင့် ဒေသခံများ အသက်အန္တရာယ်မဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကို စိစစ်နေဆဲဖြစ်ပြီး ဒေသခံများ ဘေးအန္တရာယ်ကင်းစေရေးအတွက် ဆူနာမီလှိုင်းဒဏ်သင့်ဇရိယာများသို့ ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ပေးထားကြောင်း သိရသည်။

ဆူနာမီလှိုင်းသည် မြေငလျင်လှုပ်ခတ်မှုအပြီး မိနစ် ၄၀ ခန့်အကြာတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ဆူနာမီလှိုင်းအမြင့်မှာ စင်တီမီတာ ၅၀ ရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ(JMA)က ထုတ်ပြန်သွားခဲ့သည်။

Ref : Xinhua News
Trs : Sai Sat

## ဂွါန်ဟာရီကိန်းမုန်တိုင်းကြောင့် မက္ကဆီကိုပင်လယ်ကွေ့တွင် ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေသတ်မှတ်

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၄**

ဂွါန်ဟုအမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့သို့ စက်တင်ဘာ ၂၃ ရက်က စတင်တိုက်ခတ်လျက်ရှိပြီး မုန်တိုင်းကြောင့် မက္ကဆီကိုပင်လယ်ကွေ့တွင် ရေကြီးရေလျှံမှု အန္တရာယ် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ကြောင်း မက္ကဆီကိုနိုင်ငံ Civil Protection Agency (CPA) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂွါန်ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့ဒေသများဖြစ်သည့် မက္ကဆီကိုနိုင်ငံ တောင်ဘက်ပိုင်းရှိ ဂွါရဲရိုပြည်နယ်နှင့် အိုဇာကာပြည်နယ်တို့သို့ ဦးတည်တိုက်ခတ်နေပြီး အဆိုပါပြည်နယ်များတွင် မုန်တိုင်းအန္တရာယ် အရေးပေါ်အခြေအနေ သတ်မှတ်ထားကြောင်း CPA က ထုတ်ပြန်သွားခဲ့သည်။

"မက္ကဆီကိုပင်လယ်ကွေ့မှာ ဂွါန်ဟာရီကိန်းမုန်တိုင်း တိုက်ခတ်နေပါတယ်။ မက္ကဆီကိုနိုင်ငံတောင်ဘက်ပိုင်းကို မဝင်ရောက်မီမှာ ဂွါန်ဟာရီကိန်းမုန်တိုင်းဟာ ဒီနှစ် ဟာရီကိန်းမုန်တိုင်းရာသီရဲ့ အားအကောင်းဆုံးမုန်တိုင်း ဖြစ်သွားနိုင်တယ်"ဟု အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာ (NHC)မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် မုန်တိုင်းဖြတ်သန်းသွားဖွယ်ရှိနေသည့် ဒေသများကိုလည်း မုန်တိုင်းအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားပြီး မုန်တိုင်းဖြတ်သန်းဖွယ်ရှိနေသည့် ဒေသများကိုလည်း CPA က ထုတ်ပြန်ကြေညာသွားခဲ့သည်။

မုန်တိုင်းကြောင့် ဂွါရဲရိုပြည်နယ်နှင့် အိုဇာကာပြည်နယ်တို့တွင် စာသင်ကျောင်းများကို စက်တင်ဘာ ၂၃ ရက်မှစ၍ ယာယီပိတ်ထားလိုက်ပြီဖြစ်ကြောင်း CPA က ထုတ်ပြန်ကြေညာခဲ့သည်။

ဂွါန်ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကို ပင်လယ်ကွေ့တွင် တစ်နာရီလျှင် မိုင် ၃၀ နှုန်းဖြင့် တိုက်ခတ်နေကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## ဘရာဇီးနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် ကာဗွန်ထုတ်လွှတ်မှု စိုးရိမ်ဖွယ်အခြေအနေသို့ ရောက်ရှိ

**ဘရာဇီးလီးယား စက်တင်ဘာ ၂၄**

ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောနှင့် ပန်တာနယ်မြက်ခင်းဒေသတို့တွင် တောမီးလောင်ကျွမ်းမှုများကြောင့် ကာဗွန်ထုတ်လွှတ်မှု မြင့်တက်လျက်ရှိရာ စိုးရိမ်ဖွယ် အခြေအနေသို့ ရောက်ရှိနေကြောင်း ဥရောပရာသီဥတုစောင့်ကြည့်ရေးအေဂျင်စီတစ်ခုဖြစ်သော ကောပါးနီကပ်စ် လေထုစောင့်ကြည့်ရေးအေဂျင်စီက သတင်းထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါအေဂျင်စီ၏ ထုတ်ပြန်ချက်များအရ ဘရာဇီးနိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသော ကာဗွန်ထုတ်လွှတ်မှုသည် ၂၀၀၇ ခုနှစ်က အဆိုးရွားဆုံးစံချိန်တင်ခဲ့သောအဆင့်သို့ ရောက်လုနီးအခြေအနေသို့ ရောက်ရှိလျက်ရှိပြီး ယခုနှစ်အတွင်း ကာဗွန်ထုတ်လွှတ်မှု စုစုပေါင်းသည် ပျမ်းမျှအားဖြင့် စက်တင်ဘာ ၁၉ ရက်ထိ ၁၈၃ မက်ဂါတန်ထိ မြင့်မားနေကြောင်း သိရသည်။

ကာဗွန်ထုတ်လွှတ်မှုသည် စက်တင်ဘာလတစ်လတည်းတွင်ပင် ၆၅ မီဂါတန် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုစုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းသို့ ရောက်ရှိလျက်ရှိကြောင်း၊ ထိုသို့ဖြစ်ပွားရခြင်းမှာ အဓိကအားဖြင့် အမေဇုန်မိုးသစ်တောများဖြင့် ဆက်စပ်လျက်ရှိသော အမေဇုန်ပြည်နယ်နှင့် မာတိဂရော့ဆိုဒိုဆူပြည်နယ်အတွင်းရှိ



ပန်တာနယ် မြက်ခင်းဒေသတို့တွင် တောမီးလောင်ကျွမ်းမှု ပိုမိုများပြားလာခြင်းကြောင့်ဖြစ်ကြောင်း၊ အရေးပေါ်ဖြေရှင်းဆောင်ရွက်ခြင်းများမရှိပါက ယခုရာစုနှစ်အကုန်တွင် ပန်တာနယ် မြက်ခင်းဒေသတစ်ခုလုံးကို ဆုံးရှုံးသွားနိုင်ကြောင်း ဘရာဇီးသဘာဝပတ်ဝန်းကျင်ဝန်ကြီး မာရီနာဆေးလ်ဗားက သတိပေးပြောကြားခဲ့သည်။

Ref : Sputnik News
Trs : AZH

## အမေရိကန်နိုင်ငံ ဖီးနစ်မြို့တွင် အပူချိန်မြင့်တက်မှုဖြစ်ပွားနေ

**ဝါရှင်တန် စက်တင်ဘာ ၂၄**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၏ သဲကန္တာရမြို့တော်ဟု သတ်မှတ်ခံထားရသော ဖီးနစ်မြို့တွင် အပူချိန်မြင့်တက်မှုဖြစ်ပွားနေကြောင်း အမေရိကန် အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စက်တင်ဘာ ၂၂ ရက်တွင် ဖီးနစ်မြို့၌ ဖြစ်ပေါ်ခဲ့သည့် အပူချိန်ပမာဏမှာ ၃၈ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး အပူချိန်မြင့်တက်မှုမှာရက်ပေါင်း ၁၁၃ ရက်ထိ ကြာမြင့်သွားပြီဖြစ်သည့်အတွက် ဖီးနစ်မြို့သမိုင်းတစ်လျှောက် အပူချိန်မြင့်တက်မှုကာလ အရှည်ကြာဆုံးအဖြစ် မှတ်တမ်းဝင်သွားခဲ့ကြောင်း၊ ဖီးနစ်မြို့တွင် အပူချိန်ကာလ အရှည်ကြာဆုံး မြင့်တက်မှုအဖြစ် ၁၉၉၃ ခုနှစ်က ၇၆ ရက်တိုင်အောင် မြင့်တက်ခဲ့ပြီး ယခုနှစ်တွင် ၎င်းစံချိန်ကိုကျော်ဖြတ်ကာ အပူချိန်မြင့်တက်မှုကာလ အရှည်ကြာဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

"၂၀၁၉ ခုနှစ်အတွင်းမှာ အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်တဲ့ ရောဂါဝေဒနာကြောင့် သေဆုံးသူတွေ မြင့်တက်နေပါတယ်။ ၂၀၁၃ ခုနှစ်က သေဆုံးခဲ့တဲ့ဖြစ်စဉ်နဲ့ နှိုင်းယှဉ်ဖို့ကလဲ အချိန်စောနေပါသေးတယ်။ လက်ရှိကာလထိ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေဆဲကြောင့်ဖြစ်ပါတယ်"ဟု အရီဇိုးနားပြည်နယ် ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နိုင်လီယာလီယွန်က ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်၍ တောမီးလောင်ကျွမ်းမှုများလည်းရှိခဲ့ပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်ရောဂါဝေဒနာများကြောင့် သေဆုံးသူများနှင့် အရေးပေါ်ဆေးကုသမှုခံယူခဲ့ရသူများလည်းရှိခဲ့ကြောင်း၊ ဖီးနစ်မြို့ မာရီကိုပါကောင်တီတွင် ၂၀၁၉ ခုနှစ်အတွင်း အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့် ရောဂါဝေဒနာများကြောင့် သေဆုံးသူ ၂၅ ဦးထက်မနည်းရှိနေပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်နေသည်ဟု သံသယရှိဖွယ် သေဆုံးသူ ၁၉၃ ဦးထိရှိနေကြောင်း အရီဇိုးနားပြည်နယ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Xinhua News
Trs : Sai Sat

## ဘိုလီးဗီးယားနိုင်ငံတွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုအကြိမ်ရေများပြား

**လာပါ့ဇ် စက်တင်ဘာ ၂၄**

ဘိုလီးဗီးယားနိုင်ငံတွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှု အကြိမ်ရေ များပြားကြောင်း စက်တင်ဘာ ၂၃ရက်က ထုတ်ပြန်သည့်သတင်းများအရ သိရသည်။

ဂြိုဟ်တုမှ ဖမ်းယူရရှိထားသောအချက်အလက်များအရ ယခုနှစ်လောင်ကျွမ်းခဲ့သော တောမီးကြောင့် သစ်တောဧရိယာများပျက်စီးမှုများပြားကြောင်း၊ ဘိုလီးဗီးယားနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာ ၂၃ ရက်ထိ တောမီးလောင်ကျွမ်းမှုအကြိမ်ရေ ၇၀၆၂၈ ခုရှိကြောင်း ဘရာဇီးနိုင်ငံ၏ အာကာသ သုတေသနအေဂျင်စီ Inpe ၏ ဂြိုဟ်တုအချက်အလက်များအရ သိရသည်။

"ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာမှာ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ခုပါပဲ။ ဒီတိုက်ပွဲမှာ ကျွန်တော်တို့ လက်တွဲပြီးဆောင်ရွက်သွားကြရမှာပါ။ ဒါကြောင့် ဥရောပသမဂ္ဂ နိုင်ငံတွေဖြစ်တဲ့ ကနေဒါ၊ ဘရာဇီး၊ ဗင်နီဇွဲလားတို့နဲ့အတူ ဘိုလီးဗီးယားကို အထောက်အပံ့တွေပေးပို့ခဲ့ပါတယ်"ဟု ဘိုလီးဗီးယားနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ် Helene Roos က ပြောကြားခဲ့သည်။

ဘိုလီးဗီးယားနိုင်ငံတွင် အပြင်းအထန် လောင်ကျွမ်းနေသော တောမီးများကို ငြိမ်းသတ်ရန် ဥရောပသမဂ္ဂသည်Electra Tanker 481 ရေဖုံးကြဲလေယာဉ်နှင့် အဲယားဘတ်စ် B K117 D3 ရဟတ်ယာဉ်များကို ပံ့ပိုးပေးခဲ့ကြောင်း၊ တောမီးလောင်မှု အများစုသည် လူသားများ၏မဆင်မခြင်လုပ်ရပ်များကြောင့်ဖြစ်ကြောင်း၊ လက်ရှိတွင်ဖြစ်ပေါ်နေသော ပူပြင်းခြောက်သွေ့မှု အခြေအနေများသည် တောမီးလောင်ကျွမ်းမှုကို ပိုမိုလျင်မြန်စွာ ကူးစက်လောင်ကျွမ်းစေကြောင်း၊ ဘိုလီးဗီးယားနိုင်ငံ၏ တောမီးများသည် မိုးခေါင်မှုနှင့် မြေယာရှင်းလင်းမှုများကြောင့် ပိုမိုဆိုးရွားလာကြောင်း သိပ္ပံပညာရှင်များ၏ ပြောကြားချက်များအရ သိရသည်။

Ref : Sputnik News
Trs : KZ

# တရားရုံးချုပ်သို့ အယူခံမဝင်ရောက်က အထူးအယူခံဝင်ရောက်ခွင့်မရှိပါ

တရားစီရင်ရေးနယ်ပယ်တွင် တွေ့ကြုံရတတ်သည့် မေးခွန်းတစ်ခုဖြစ်ပါသည်။ တရားမမှုတစ်ခုတွင် တရားလိုက တရားပြိုင်များအပေါ် တိုင်းတရားရုံး၌ တရားစွဲဆိုသည်။ တရားရုံးက စီရင်ချက်နှင့် ဒီကရီချမှတ်သည်။ အဆိုပါစီရင်ချက်နှင့် ဒီကရီအပေါ် တရားပြိုင်များအနက် နှစ်ဦးကသာ တရားရုံးချုပ်သို့ ပထမအယူခံမှုတင်သွင်းခဲ့သည်။ ကျန်တရားပြိုင်များက ပထမအယူခံမဝင်ရောက်ခဲ့ပါ။ တရားရုံးချုပ်က အယူခံဝင်ရောက်သူနှစ်ဦး၏အမှုကို စီရင်ချက်ချသည်။ ဤနေရာတွင် ပထမအယူခံဝင်ရောက်သူနှစ်ဦးကသာ တစ်ဆင့်တက်၍ အထူးအယူခံဝင်ခွင့် လျှောက်ထားနိုင်သော်လည်း တရားရုံးချုပ်သို့ ပထမအယူခံမဝင်ခဲ့သူများက အထူးအယူခံဝင်ခွင့် လျှောက်ထားနိုင်ခွင့် ရှိ၊ မရှိနှင့်ပတ်သက်၍ မေးမြန်းလာသော ပြဿနာဖြစ်သည်။ အမှုတစ်ခု၏ စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

မန္တလေးတိုင်းတရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၀၀ တွင် ဒေါ်ခင်မာမာက ကိုမောင်မြင့်၊ မညိုညိုမြင့်၊ ဒေါ်နွဲ့နှင့် ဦးကျော်မြင့်အောင်၊ ဒေါ်ထိုက်ထိုက်တို့အပေါ် မြေအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ရရှိခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဦးကျော်မြင့်အောင်နှင့် ဒေါ်ထိုက်ထိုက်တို့နှစ်ဦးက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်း မရှိခဲ့ပါ။ သို့ဖြစ်၍ ဦးကျော်မြင့်အောင်နှင့် ဒေါ်ထိုက်ထိုက်တို့နှစ်ဦးက တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို တရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးပါရန် တရားရုံးချုပ် ၁၉၉၅ ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး) အမှုအမှတ်-၅၀၅ဖြင့် လျှောက်ထားခဲ့သည်။

တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီအပေါ် တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခြင်းမပြုခဲ့သော ကိုမောင်မြင့်၊ မညိုညိုမြင့်နှင့် ဒေါ်နွဲ့တို့ကလည်း တရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးပါရန် တရားရုံးချုပ် ၁၉၉၅ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ်-၆၁၃ ဖြင့် လျှောက်ထားခဲ့ကြသည်။ တရားရုံးချုပ်အထူးခုံရုံးက လျှောက်ထားမှုနှစ်မှုလုံးကို တစ်ပေါင်းတည်းကြားနာခဲ့သည်။

**မူလအမှုတွင် တစ်ဖက်သတ်စစ်ဆေးခြင်းခံရပြီးနောက် ချမှတ်ထားသော စီရင်ချက်နှင့်ဒီကရီကို တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခြင်းမရှိဘဲ အယူခံတရားပြိုင်များအဖြစ်ပါဝင်သူတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံဝင်ရောက်ခွင့်ရှိ၊ မရှိဟူသောပြဿနာကို အထူးအယူခံခုံရုံးက စီရင်ဆုံးဖြတ်ခဲ့သောအမှုအကြောင်းကို တင်ပြပါမည်။ (၎င်းအမှုတွင် ပြဿနာသုံးရပ်ကို စိစစ်ကြားနာခဲ့ခြင်းဖြစ်သော်လည်း ဤဆောင်းပါးတွင် ဖော်ပြလိုသောအချက်မှာ ပြဿနာအမှတ် (၁) နှင့်သာသက်ဆိုင်ပါသဖြင့် ပြဿနာ (၂) နှင့် (၃)ကို မတင်ပြတော့ပါ)**

**အထူးအယူခံရုံးတော်၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

တိုင်းတရားရုံးတွင် ဒေါ်ခင်မာမာက ကိုမောင်မြင့်၊ မညိုညိုမြင့်နှင့် ဒေါ်နွဲ့တို့သားအမိသုံးဦးနှင့် ဦးကျော်မြင့်အောင်တို့ လင်မယားနှစ်ဦးအပေါ် တရားစွဲဆိုသည့်အမှု၌ ကိုမောင်မြင့်တို့အပေါ် တစ်ဖက်သတ်ဒီကရီချမှတ်ခဲ့သည်။ ကိုမောင်မြင့်တို့သည် ၎င်းတို့အပေါ်ချမှတ်သည့် တစ်ဖက်သတ်ဒီကရီကို အယူခံဝင်ရောက်ခဲ့ခြင်းမပြုခဲ့ပေ။ သို့ဖြစ်ရာ တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခြင်းမရှိခဲ့ဘဲနှင့် ကိုမောင်မြင့်တို့သည် တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံဝင်ရောက်နိုင်ခြင်းရှိ၊ မရှိ ရုံးတော်ကစိစစ်ခဲ့သည်။



ဤအထူးအယူခံမှုကို ၁၉၈၈ ခုနှစ် တရားစီရင်ရေးဥပဒေအတည်ဖြစ်စဉ်က တင်သွင်းခဲ့ခြင်းဖြစ်၍ ၎င်းဥပဒေပုဒ်မ-၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

၆။ တရားရုံးချုပ် တရားသူကြီးတစ်ဦးဖြင့်ဖြစ်စေ၊ ခုံရုံးဖြင့်ဖြစ်စေ၊ စီရင်ထားသောမည်သည့်အမှုကိုမဆို လိုအပ်ပါက တရားရုံးချုပ် လက်ရှိအဖွဲ့ဝင် အားလုံးပါဝင်သော စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်သည်။

၁၉၈၈ ခုနှစ် တရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ တင်သွင်းသော အထူးအယူခံမှုများကို စစ်ဆေးစီရင်ရာတွင် လိုက်နာကျင့်သုံးရန် တရားရုံးချုပ်သည် တရားစီရင်ရေးဥပဒေပုဒ်မ-၂၀ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခဲ့သည်။ ၎င်းလုပ်ထုံးလုပ်နည်းများ အပိုဒ်-၃ တွင် အထူးအယူခံဝင်ခွင့်ရရန်အတွက် အထွေထွေလျှောက်ထားမှု တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြထားသည်။

၃။ တရားရုံးချုပ် တရားသူကြီးတစ်ဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသော ခုံရုံးကဖြစ်စေ၊ တရားမမှု၊ ပြစ်မှု သို့မဟုတ် အခြားအမှုတစ်ခုခုတွင် ချမှတ်သည့် စီရင်ချက်အမိန့် ဆုံးဖြတ်ချက်တို့ကို အမှုသည်တစ်ဦးဦးက မကျေနပ်လျှင် အမှုကို ပြန်လည်စစ်ဆေးစီရင်ရန် တရားရုံးချုပ်သို့အမိန့်ချမှတ်သည့်နေ့မှ ခြောက်လအတွင်း အထွေထွေလျှောက်ထားမှု တင်သွင်းနိုင်သည်။

**ကိုမောင်မြင့်တို့သည် တိုင်းတရားရုံးက ၎င်းတို့အပေါ်ချမှတ်သည့်ဒီကရီကို ပထမအယူခံဝင်ရောက်ခြင်းမပြုဘဲ အထူးအယူခံတင်သွင်းခြင်းမှာ တိုင်းတရားရုံးက ချမှတ်သည့် ဒီကရီကို ပယ်ဖျက်ရန် အလို့ငှာ လျှောက်ထားခြင်းဖြစ်ကြောင်း ဆိုမှားဖွယ်ရာမရှိဟု အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့ပါသည်။**

တရားမကျင့်ထုံးဥပဒေပုဒ်မ-၉၆ တွင် မူလစီရင်ပိုင်ခွင့်ကိုကျင့်သုံး၍ ချမှတ်သောဒီကရီကို အယူခံစီရင်ပိုင်ခွင့်ရှိသောရုံးသို့ အယူခံဝင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ၎င်းပြဋ္ဌာန်းချက်အရ ဆိုလျှင် တိုင်းတရားရုံးကချမှတ်သော ဒီကရီကို မကျေနပ်ပါက တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ရမည်ဖြစ်သည်။ ဆက်လက်၍ တရားရုံးချုပ်က အယူခံမှုတွင်ချမှတ်သော စီရင်ချက်အမိန့်ဆုံးဖြတ်ချက်ကို မကျေနပ်သေးပါက အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်ကြောင်း ထောက်ရှုဝေဖန်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ-၉၆ တွင် မူလရုံး၏ ဒီကရီအပေါ် အယူခံစီရင်ပိုင်ခွင့်ရှိသော အယူခံရုံးသို့ အယူခံဝင်ရောက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါလျက် တိုင်းတရားရုံး၏ ဒီကရီကို တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခြင်းမရှိဘဲ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်ဟု ကောက်ယူပါလျှင် တရားမကျင့်ထုံးဥပဒေပုဒ်မ-၉၆ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မည်ဖြစ်သည်။ **တရားစီရင်ရေးဥပဒေပုဒ်မ-၂၀ အရ သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်လျှင် တည်ဆဲဥပဒေကသာ လုပ်ထုံးလုပ်နည်းကို လွှမ်းမိုးမည်ဖြစ်ကြောင်း** အထူးအယူခံရုံးတော်က စိစစ်သုံးသပ်ခဲ့သည်။

စုံညီခုံရုံးဖြင့် အထူးအယူခံမှုစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်-၃ တွင် ဖော်ပြပါရှိသည့် **အမှုသည်တစ်ဦးဦးဆိုသည်မှာ တရားရုံးချုပ်သို့ တည်ဆဲဥပဒေနှင့်အညီ အယူခံဝင်ရောက်သူအမှုသည် သို့မဟုတ် တရားရုံးချုပ်က မူလရုံး၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ဆုံးဖြတ်ခြင်းကြောင့် ထိခိုက်နစ်နာသူအမှုသည်ကို ရည်ရွယ်ခြင်းဖြစ်သည်။** အကယ်၍သာ တရားရုံး တစ်ရုံးရုံး၏ ဒီကရီကို တရားရုံးအဆင့်ဆင့် အယူခံဝင်ရောက်ခဲ့ခြင်းမရှိသူ အမှုသည်တစ်ဦးဦးတို့က လုပ်ထုံးလုပ်နည်းအပိုဒ်-၃ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်ဆိုပါက အမှုသည်တို့အနေဖြင့် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးအဆင့်ဆင့် အယူခံဝင်ရောက်ခြင်းမပြုတော့ဘဲ တစ်ဆင့်ကျော်၍ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားလာကြမည့် အန္တရာယ်ရှိသောကြောင့် ထိုကဲ့သို့ အဓိပ္ပာယ်ကောက်ယူရန် သင့်လျော်မည်မဟုတ်ကြောင်း အထူးအယူခံရုံးတော်က စိစစ်ဝေဖန် သုံးသပ်ခဲ့သည်။

တိုင်းတရားရုံးက ချမှတ်သော ဒီကရီကို တရားရုံးချုပ်သို့ ပထမအယူခံဝင်ခြင်း မပြုလျှင် ကာလစည်းကမ်းသတ် ကျော်လွန်သည်နှင့် တိုင်းတရားရုံး၏ဒီကရီသည် အတည်ဖြစ်သွားပြီဖြစ်သည်။ အတည်ဖြစ်နေသည့် ဒီကရီကို ပယ်ဖျက်ရန်အတွက် ကိုမောင်မြင့်တို့အနေဖြင့် အထူးအယူခံဝင်ခွင့်မရှိပေ။

၁၉၉၉ ခုနှစ် တရားမအထူးအယူခံမှုအမှတ်-၂ တွင် ကိုမောင်မြင့်တို့သည် အယူခံတရားလိုများဖြစ်ကြသည်။ ကိုမောင်မြင့်တို့သည် အယူခံမဝင်သော အယူခံတရားပြိုင်များမဟုတ်သည့်အတွက် တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၃၃ နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ပေါ်လွင်ထင်ရှားသည်။ ဤပြဋ္ဌာန်းချက်သည် အယူခံဝင်ခွင့်မရှိသူကို အယူခံဝင်ခွင့်ပြုသည့် ပြဋ္ဌာန်းချက်မဟုတ်ချေ။

သို့ဖြစ်ရာ ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ မူလအမှုတွင် တစ်ဖက်သတ်စစ်ဆေးခြင်းခံရပြီးနောက် ချမှတ်သောစီရင်ချက်နှင့် ဒီကရီကို တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခြင်းမရှိဘဲ အယူခံတရားပြိုင်များအဖြစ်ပါဝင်သူတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံဝင်ရောက်ခွင့်မရှိကြောင်း ဖြေဆိုလိုက်ပါသည်။

ဦးကျော်မြင့်အောင်ပါ ၂ ဒေါ်ခင်မာမာပါ ၄ ကိုမောင်မြင့်ပါ ၂ နှင့်ဒေါ်ခင်မာမာပါ ၄ ၁၉၉၉ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်- (၁)နှင့်(၂) (မန္တလေး) အမှု ၂၀၀၀ ပြည့်နှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၉ ကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

စိန်လှိုင်ဗိုလ်

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။







## အမည်ပြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဆု ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးရှင်းသန့်ဖွေး ၏သား မောင်ရဲရင့်မောင် အား မောင်နေခြည်ဇေယျ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်နေခြည်ဇေယျ

### ပျောက်ဆုံးကြောင်း

မိုးကောင်းမြို့၊ နန့်ရင်းရပ်ကွက်နေ ဒေါ်မြအေးကြည် (ဘ) ဦးအေးတန် (၁/မကတ(နိုင်)၀၉၀၃၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉- ၉၄၄၆၈၆၈၆၆

## ထူးခြားသည့် နေ့အပူချိန်များ

(၂၄-၉-၂၀၂၄)

| | | | |
|---|---|---|---|
| ကလေးဝ | ၃၅ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၃ | ဒသမ | ၈ ဒီဂရီဆဲလ်စီးယပ် |
| ကသာ | ၃၃ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယပ် |
| လပွတ္တာ | ၃၃ | ဒသမ | ၀ ဒီဂရီဆဲလ်စီးယပ် |
| မြိတ် | ၃၂ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၁ | ဒသမ | ၇ ဒီဂရီဆဲလ်စီးယပ် |

### COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ **စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို...**

❖ **ရှိပြီးဖြစ်သည့်ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၉ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၇) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၂၃ ရက်နှင့် ယနေ့တို့တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) စစ်လက်ရုံးရွေးချယ်ပွဲနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၇) စစ်လက်ရုံးရွေးချယ်ပွဲတို့သို့ သီးခြားစီ တက်ရောက်စိစစ်ရွေးချယ်သည်။

အဆိုပါစစ်လက်ရုံးရွေးချယ်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီတွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာတို့တွင် ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် သင်တန်းကာလတစ်လျှောက် ကြိုးစားအားထုတ်မှုရလဒ်များအပေါ် မူတည်၍

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

